ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ (1-7-2010) (၆၄၄၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အဓိကအခြေခံအချက်များဖြစ်

ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်းဆက်သွယ်မှုအပါအဝင် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခဲ့၍ စီးပွားရေး၊ လူမှုရေးကဏ္ဍများပါ တစ်ပြိုင်တည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်ရှုရပ်မှ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား(ညောင်တုန်း)ကို တည်ဆောက်ရာတွင် ပိုင်ရိုက်စက်ခြောက်ခုဖြင့် ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ မြစ်ရေတက်လာပါက တည်ဆောက်ရန် ခက်ခဲမည့်နေရာများကို ဦးစားပေး၍ ပိုင်ရိုက်နေသည့် အခြေအနေ၊ မိုးရာသီကာလအတွင်း တံတားသံပေါင်များ တပ်ဆင်မည့် အခြေအနေ၊ ကမ်းနှစ်ဖက်တွင် ပိုင်ရိုက်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်းဆောင်ရွက်နေမှု အခြေအနေ၊ မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် တည်ဆောက်ရေးပစ္စည်းများ ရရှိမှုအခြေအနေ တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ရန်ကုန်-ပုသိမ်ရထားလမ်း ဖောက်လုပ်နေမှုနှင့် ညောင်တုန်းမြို့ကို ဖြတ်သန်း၍ တံတားချဉ်းကပ်လမ်းဖောက်လုပ်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ရာသီဥတုနှင့် မြစ်ရေအခြေအနေအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို သွက်သွက်လက်လက်ဆောင်ရွက်သွားရန်၊ လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ အချိန်မီရောက်ရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ မြစ်ကမ်းပါးထိန်းသိမ်းရေး၊ ရေလမ်းကြောင်းထိန်းသိမ်းရေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဇလွန် မီးရထားဘူတာ တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်မှ ဟသ်ာတ- ဓနုဖြူ- စက္ကေ့ (ညောင်တုန်း) ရထားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁-၇-၂၀၁၀
(ကြာသပတေးနေ့)

နိုင်ငံကြီးသား စိတ်ဓာတ်မြင့်မားအောင် စွမ်းဆောင်

နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာများ တိုးတက်ပြောင်းလဲနေသည်။ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာနှင့် စက်မှုနည်းပညာများ တိုးတက်မြင့်မားလာသည်။ ယင်းတိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင် ရပ်တန့်မနေဘဲ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍများအပေါ် လွှမ်းခြုံရိုက်ခတ်လာနေသည်။

နိုင်ငံအသီးသီးက ပြောင်းလဲတိုးတက်နေသော နည်းပညာများကို ရယူပြီး နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အားထုတ်နေကြပြီ။ ဘဏ္ဍာရေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များကို ပိုင်ဆိုင်နိုင်ရေး ကြိုးပမ်းနေကြပြီ။ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် ခေတ်မီနည်းပညာများ လက်တွေ့အကျိုးရှိရှိ အသုံးချနိုင်ရေး ကြိုးပမ်းနေကြပေပြီ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ပေါ်လာရေးတွင် အမျိုးသားပညာရည်မြင့်မားမှု စွမ်းရည်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ပညာရေးကဏ္ဍ ဆရာ၊ ဆရာမများအနေဖြင့် အရည်အသွေးမြင့်မားသော နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရပေမည်။ လူငယ်လူရွယ်များအား စာပေ၊ အသိပညာ၊ အတွေးအမြင် ဖွံ့ဖြိုးတိုးတက်စေရေး လေ့ကျင့်သင်ကြားပေးကြရပေမည်။

အထူးသဖြင့် လူငယ်လူရွယ်များအား ပြုစုပျိုးထောင်ရာတွင် ကျောင်းစာတစ်ခုတည်းသာမက လူမှုဆက်ဆံရေး၊ စာရိတ္တ၊ အားကစား စသည့် ဘက်စုံဖွံ့ဖြိုးလာစေရေး သင်ကြားပေးကြရပေမည်။ ကျောင်းပရဝဏ်ကို ကျော်လွန်လာသည့်အခါ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအကျိုး လက်တွေ့သယ်ပိုးစွမ်းဆောင်နိုင်ရေး လေ့ကျင့်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်က ပညာရေးပတ်ဝန်းကျင်ကောင်းများ၊ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်ဖန်တီး ဖော်ဆောင်လျက်ရှိသည့် နည်းတူ ဆရာအတတ်ပညာပြည့်ဝရေး၊ အတွေးအမြင် ကြည်လင်မှန်ကန်စေရေးအတွက် အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်၍ ပို့ချပေးနေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ဖန်တီးဖော်ဆောင်မှုများ၊ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေး ကြိုးပမ်းတည်ဆောက်မှုများကို လေ့လာနိုင်ကြမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နေသည်။ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးသည် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားအပေါ်တွင် တည်မှီနေသည်။ ဆရာ၊ ဆရာမများအားလုံးက စေတနာမေတ္တာအရင်းခံ၍ လူငယ်လူရွယ်များအား အတွေးအမြင် အမူအကျင့် အလေ့အထကောင်းများ၊ နိုင်ငံကြီးသား စိတ်ဓာတ်ပြည့်ဝသူများ ဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးကြခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် Thaifex- World of Foods Asia Fair သို့ တက်ရောက်ရန်အတွက် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် မိဖြိုးသီရိဝင်းအား ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။
(မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း စားသောက်ကုန်ပြပွဲ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၃၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၃၀ ရက်မှ စတင်ကျင်းပမည့် Thaifex-World of Foods Asia Fair သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် Ministry of Commerce and Department of Export Promotion (DEP), Thailand တို့ ပူးပေါင်းဖွင့်လှစ်သည့် Design and Packaging သင်တန်း၌ ထူးချွန်ဆုပထမရရှိခဲ့သည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် မိဖြိုးသီရိဝင်းသည် ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဒေါ်စန္ဒာထွန်း၊ ဒေါ်မွန်မွန်မြင့်၊ ဒေါ်ဒါလီဆွေနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ဂုဏ်ထူးဆောင်ဘွဲ့နှင့်တံဆိပ်များ ထပ်ဆင့်အပ်နှင်းပွဲ တက်ရောက်

မုံရွာမြို့ ကမ်းနားလမ်း ကတ္တရာခင်းလုပ်ငန်းနှင့် ရေပေးဝေရေးစက်ရုံ စစ်ဆေး

နေပြည်တော် ဇွန် ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇွန် ၂၅ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၉ ခုနှစ်အတွက် ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ထပ်ဆင့်အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ် ရရှိကြသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ထပ်ဆင့်အပ်နှင်း

အခမ်းအနားတွင် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများအား ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များကို ထပ်ဆင့်အပ်နှင်းသည်။

ထို့နောက် တိုင်းမှူးသည် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများ လိုက်ပါလျက် မုံရွာမြို့ ကမ်းနားလမ်း (အောင်ဇေယျလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြစ်ရေတင် ရေပေးဝေရေးစက်ရုံသို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးက မုံရွာမြို့ရှိ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဖြူးပေးဝေနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ရေပေးဝေရေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရွှေတောင် အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်း သာယာဝတီ၊ ကြံခင်းနှင့် ရွှေတောင်မြို့တို့ရှိ စက်ရုံများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ပန်းကန်နှင့် ကြွေပြားစက်ရုံ (သာယာဝတီ)သို့ ရောက်ရှိပြီး ကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရည်က ရေအိမ်သုံး ကြွေထည်ပစ္စည်းထုတ်လုပ်မှုတွင် စက်ပစ္စည်းအသစ်များ ရောက်ရှိတပ်ဆင်မည့် အခြေအနေနှင့် အခြောက်ခံစက်၊ အချောကိုင်စက်၊ ကြွေရည်တင်လိုင်းများ တပ်ဆင်မှုတို့ကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေအိမ်သုံး ကြွေထည်ပစ္စည်းထုတ်လုပ်နေမှုနှင့် ကြွေထည်ပန်းကန်ပြား အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ကြွေပြားစက်ရုံသို့ ရောက်ရှိ၍ ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်နှင့် စက်ရုံမှထုတ်လုပ်သော အဆင့်မြင့် ကြွေပြားများကို ကြည့်ရှုစစ်ဆေးပြီး အဆင်ဒီဇိုင်းများ ကောင်းမွန်သပ်ရပ်အောင် ထုတ်လုပ်ကြရန် မှာကြားသည်။

ထို့နောက် မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး ဘိလပ်မြေ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံရာ စက်ရုံမှူးက လအလိုက် ဘိလပ်မြေထုတ်လုပ်မှုနှင့် ကုန်ကြမ်းစုဆောင်းရရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရည်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက ဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒနှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တာဝန်ရှိသူအဆင့်အဆင့်က တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံသို့ ရောက်ရှိပြီး စက်များ ကြံ့ခိုင်မှုနှင့် ကုန်ထုတ်လုပ်ငန်းများ၊ စက်ရုံမှ တီထွင်ထုတ်လုပ်သော စက်အရံပစ္စည်းများနှင့် စက်ရုံမှ ထုတ်လုပ်ထားသော ပိတ်များ၊ မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်း၏ ရိုးရာအဝတ်အထည်များ ရက်လုပ်မှုနှင့် နှစ်အလိုက် ထုတ်လုပ်ထားသော အဆင်ဒီဇိုင်းများ၊ ဆေးဆိုးပန်းရိုက်ခြင်း လုပ်ငန်းများနှင့် စက်ရုံမှ ထုတ်လုပ်ထားသော အပွင့်ရိုက်နှင့် ပန်းရိုက်အထည်များ၊ ဒီဇိုင်းပုံစံများ ရေးဆွဲနေမှုနှင့် ဒီဇိုင်းပြခန်း၌ နှစ်အလိုက်ထုတ်လုပ်ထားသော ဒီဇိုင်းများကို ကြည့်ရှုစစ်ဆေး၍ စနစ်တကျ မှတ်တမ်းရေးသွင်းထားရန်နှင့် ခေတ်နှင့်လျော်ညီစွာ လှပသော အဆင်ဒီဇိုင်းများ ထုတ်လုပ်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်သည် /စက်မှု အသင်းချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ မိတ္ထီလာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်မိုးမိုးခိုင်က "အဖွဲ့အစည်းများတွင် ကိုယ်ကျင့်တရားဖွံ့ဖြိုးရေး" (Moral Development in Organization) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

စာအုပ်စာပေ လှူဒါန်းပွဲ

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Han Sein Thant Engineering & Trading ၏ကူညီပံ့ပိုးမှုတို့ဖြင့် ဇူလိုင် ၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဘဏ်လုပ်ငန်းပညာရှင် ဦးဝင့်ကျော်က "နိုင်ငံခြားငွေ မိတ်ဆက်နိဒါန်း" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဧရာဝတီမြစ်ကမ်းပါး မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် GEO TUBE တပ်ဆင်ခြင်းလုပ်ငန်းနှင့် တာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

လုပ်ငန်းများအား ဂရုပြုဆောင်ရွက်သွားရန်တို့ကို အသေးစိတ်မှာကြားပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား(ညောင်တုန်း)သည် တံတားအုတ်မြစ်နှင့် အောက်ထည် သံကူကွန်ကရစ်အမျိုးအစားနှင့် တံတားအပေါ်ထည် သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ၇၄၀၂ ပေ ရှိမည်ဖြစ်သည်။

ပြင်ဆင်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တို့လိုက်ပါလျက် ကြိမ်ပင်ဆည်-စကြေ့ာ-ဓနုဖြူ-ဇလွန်-ဟင်္သာတ လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လမ်းပြုပြင်ထိန်းသိမ်းနေမှု၊ လမ်းတစ်လျှောက် မိုးစပါးပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဟင်္သာတခရိုင် ဇလွန်မြို့ရှိ ဇလွန်မီးရထားဘူတာတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဝန်ကြီး ဦးအောင်မင်းက ဟင်္သာတ-ဓနုဖြူ-စကြေ့ာ (ညောင်တုန်း) ရထားလမ်း ဖောက်လုပ်နေမှုအခြေအနေ၊ မြေကြီးလုပ်ငန်း၊ တာပေါင်လုပ်ငန်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ အရှည် ၁၇ ဒသမ ၈၅ မိုင်ရှိ ဟင်္သာတ-ဇလွန်လမ်းပိုင်းကို မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်သွယ်သွားလာ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် ဇလွန်မြို့နယ်တို့မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဟင်္သာတ-ဓနုဖြူ-စကြေ့ာ (ညောင်တုန်း) ရထားလမ်းသည် အရှည် ၄၈ မိုင်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ ကလေး၊ မင်းဘူး၊ အမ်း၊ စစ်တွေမြို့များနှင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့များသို့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇလွန်မြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ဟင်္သာတမြို့သို့ ရောက်ရှိသည်။

အခြေခံအချက်များ

ယင်းနောက် ဟင်္သာတမြို့ရှိ ဧရာဝတီမြစ်ကမ်းပါး၌ တာပေါင်များ တည်ဆောက်ထားမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်အနီးရှိ ယာယီရှင်းလင်းဆောင်၌ ဝန်ကြီး ဦးဌေးဦးက စေတီတော်အနီး ဧရာဝတီမြစ်ကမ်းပါးကို မြစ်ရေတိုက်စားမှုမှကာကွယ်နိုင်ရန်အတွက် GEO TUBE တပ်ဆင်ခြင်းလုပ်ငန်းနှင့် တာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်းအခြေအနေနှင့် ပုသိမ်-မုံရွာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိကာ ညအိပ်ရပ်နားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ရေရှည်ဖွံ့ဖြိုး တိုးတက်နေစေရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အဓိကကျသော အခြေခံအချက်များ ဖြစ်ကြောင်း။

လွယ်လင့်တကူ

ဧရာဝတီတိုင်းအနေဖြင့် ယခင်က ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးသွားလာနေရသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသတစ်ခုဖြစ်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဓိက ကားလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများနှင့် ရထားလမ်းများကိုပါ ကွန်ရက်သဖွယ် တိုးချဲ့တည်ဆောက်ပေးနေမှုများကြောင့် နေရာဒေသမရွေး လွယ်လင့်တကူ သွားလာနိုင်သော ဒေသတစ်ခုဖြစ်နေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်းဆက်သွယ်မှုအပါအဝင် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့၍ စီးပွားရေး၊ လူမှုရေးကဏ္ဍများပါ တစ်ပြိုင်တည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း။

ဤအခြေခံအဆောက်အအုံကောင်းများကို ဧရာဝတီတိုင်း၏ ထူးခြားကောင်းမွန်သော ရေမြေသဘာဝများနှင့် ထိထိရောက်ရောက် ဆက်စပ်အသုံးချပြီး ပြည်သူတစ်ဦးချင်းကလည်း မပျင်းမရိဘဲ ကြိုးကြိုးစားစား အလုပ်လုပ်ကြရန် လိုအပ်ကြောင်း။

ဖွံ့ဖြိုးမှုခိုင်မာ

မိမိတို့နိုင်ငံသည် ယခုအချိန်တွင် လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရသေးသည့်အလျောက် လယ်ယာထွက်ကုန်ပမာဏမြင့်မားသော ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းတို့ကဲ့သို့ ဒေသများတွင် လယ်ယာထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးကို အရည်အသွေးအရရော အရေအတွက်အရပါ ပိုမိုတိုးတက်မြင့်မားလာစေရန် သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ သို့မှသာ စီးပွားရေးဖွံ့ဖြိုးမှုခိုင်မာသော ဒေသတစ်ခုဖြစ်လာမှာဖြစ်ကြောင်း။

ထို့အပြင် အမျိုးသားပညာရည်မြင့်မားရေးအတွက် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် မအူပင်၊ ဟင်္သာတ၊ ပုသိမ်ဒေသများ အပါအဝင်နိုင်ငံတစ်ဝန်းလုံး အထူးဖွံ့ဖြိုးရေးဒေသ (၂၄)ခု သတ်မှတ်၍ ဒေသတစ်ခုစီတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုစီနှင့် ဆေးရုံကြီးများ တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိပြီဖြစ်၍ ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ အခြေခံလိုအပ်ချက်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေး စသည့် လုပ်ငန်းစဉ်များ အောင်မြင်စေရန် ဝိုင်းဝန်းကြိုးပမ်း မြှင့်တင်ဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းနေ ဒေါ်ချို(ခ) သမထ အကြားအမြင်ဆရာမ ဒေါ်မိုးမိုးအောင် (၄၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်နှင့် စုပေါင်းတစ်နေ့စာ နှစ်ရက်အတွက် ငွေကျပ်နှစ်သိန်းခြောက်သောင်းလေးထောင့်ရှစ်ရာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်း အမျိုးသားလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်း အမျိုးသားလုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၃၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်း အမျိုးသားလုပ်ငန်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ရေလုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဂေဟစနစ်ပျက်သုဉ်းမှုနည်းပါးရေး၊ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေးနှင့် လူမှုဘဝဖူလုံရေး၊ ငါးနေငါးထိုင်နှင့် ငါးသယံဇာတများ ရေရှည်တည်တံ့ရေးဆွေးနွေးဆုံးဖြတ်ကြပြီး အထူးအစီအစဉ်အနေဖြင့် မြိတ်ကျွန်းစုဒေသကြီးနှင့် ပင်လယ်ပြင် သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကြသည်။

အစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနခုနစ်ခုနှင့် အစိုးရမဟုတ်သော အသင်းအဖွဲ့အစည်းများ၊ ရေလုပ်ငန်းပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြော

ရန်ကုန် ဇွန် ၃၀

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှု၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ပုသိမ်မြို့၏ ကြီးကြပ်မှုဖြင့် ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ဆန်းဝင်းက ဇွန် ၆ ရက်တွင် ကျုံပျော်မြို့နယ် သဖန်းချောင်းကျေးရွာသို့ ကွင်းဆင်း၍ ငါးရစ်ငါးသန်ဖမ်းဆီးမှု ကာကွယ်ရေး၊ အဆိပ်ချ ငါးဖမ်းဆီးမှု တားဆီးကာကွယ်ရေးနှင့် ဘက်ထရီရှော့တိုက်(ကျဉ်စက်) ငါးဖမ်းဆီးမှု ပပျောက်ရေးတို့အတွက် ရှင်းလင်းပြောကြားသည်။(ဝဲပုံ)

အဆိုပါရှင်းလင်းပွဲသို့ မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် သဖန်းချောင်းကျေးရွာမှ ရေလုပ်သားများ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

အီရတ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား၍ ငါးဦးသေဆုံး

တီကရစ်(အီရတ်) ဇွန် ၃၀

အီရတ်နိုင်ငံ၌ ဘဂ္ဂဒက်မြို့ဗုံးပေါက်ကွဲမှုနှင့် အခြားတိုက်ခိုက်မှုများကြောင့် အီရတ်ဗိုလ်ချုပ်တစ်ဦး အပါအဝင် သေဆုံးသူ စုစုပေါင်း ၁၆ ဦးထိရှိခဲ့ပြီးနောက် အီရတ်မြောက်ပိုင်းတွင် ဇွန် ၂၉ ရက်က အသေခံဗုံးဖောက်ခွဲမှုတစ်ရပ်ကြောင့် လူငါးဦး ထပ်မံသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုသည် ရေနံချက်စက်ရုံနှင့် လျှပ်စစ်ဓာတ်အားပေး စက်တည်ရှိရာ ဘိုင်ဂျီမြို့၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး လူငါးဦးသေဆုံးကာ ၁၈ ဦးဒဏ်ရာ ရရှိကြောင်း ဆာလာဟီဒင်ပြည်နယ် မြို့တော်တီကရစ် ရဲတပ်ဖွဲ့က ပြောကြား သည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ကတ်ဟီ မီယတ်ခရိုင် အေဒင်ရင်ပြင်တွင် သံလိုက် ဗုံးပေါက်ကွဲမှုကြောင့် အီရတ်ဗိုလ်ချုပ် တစ်ဦး သေဆုံးကြောင်း၊ ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် အယ်လ်ဟာ ရီယာဒေသ၌ သံလိုက်ဗုံးထပ်မံပေါက်ကွဲ ခဲ့ရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ သည်။ သေကျေဒဏ်ရာရရှိသူများသည် မည်သူမည်ဝါများဖြစ်သည်ကို တိကျစွာ ပြောကြားခြင်းမရှိဟု ဆိုသည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ဒိုရာခရိုင်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တစ်ဦး သေဆုံးကာ လေးဦးဒဏ်ရာရရှိပြီး ဘဂ္ဂဒက်မြို့လယ်တွင် ဗဟိုဘဏ်မှငွေများ အပို့အယူလုပ်ပေးသော ယာဉ်တန်းအား တိုက်ခိုက်ရန် ထောင်ထားသောဗုံးကို ရဲတပ်ဖွဲ့က အဝေးထိန်းစနစ်ဖြင့် အချိန်မီ ဖောက်ခွဲရှင်းလင်းနိုင်ခဲ့ကြောင်း သတင်း များတွင်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့၌ အကြမ်းဖက်တိုက်ခိုက် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇွန် ၃၀ ရက်က သေနတ်ဖြင့်ပစ်ခတ်ခြင်းနှင့် ဗုံးခွဲ တိုက်ခိုက်ခြင်းတို့ကြောင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိ ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ဒိုယူရာခရိုင် တွင် အီရတ်ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ် နေသော စစ်ဆေးရေးစခန်းအား ကား တစ်စီးအတွင်းရှိ အကြမ်းဖက်သမားများ က အသံတိတ်ကိရိယာ တပ်ဆင်ထား သော သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

အလားတူ ဘဂ္ဂဒက်မြို့ အနောက် တောင်ဘက် အမ်မဲလ်ခရိုင်ရှိ အိမ်တစ်လုံး ၏ အရှေ့ဘက်အိမ်တစ်လုံး၌ ဝှက်ထား သော ဗုံးတစ်လုံးအား ရှင်းလင်းရန် ရဲတပ်ဖွဲ့မှ ကျွမ်းကျင်သူများ လာရောက် ချိန်တွင် ယင်းဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦး တို့ ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်ရှိ နေတိုးစစ်စခန်း တာလီဘန်စစ်သွေးကြွများ တိုက်ခိုက်

အာဖဂန်နစ္စတန် ဂျာလာလာဘတ် စစ်အခြေစိုက်စခန်းအနီး တာလီဘန်များ ကားဗုံးခွဲတိုက်ခိုက်သည့်နေရာသို့ ချဉ်းကပ်လာသော နေတိုးနှင့် အာဖဂန်တပ်ဖွဲ့ဝင်များကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကဘူး ဇွန် ၃၀

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့ ၏ အကြီးဆုံးအခြေစိုက်စခန်းများတွင် ပါဝင်သော ဂျာလာလာဘတ် စစ်စခန်း ကို တာလီဘန်စစ်သွေးကြွများက ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်ပြီး လက်နက်ငယ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သတင်း များတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ အဆိုပါ စစ်စခန်းအား တိုက်ခိုက်ရာတွင် စစ်သွေးကြွရှစ်ဦး သေဆုံးခဲ့ပြီး နေတိုး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့က ပြောကြားသည်။

စစ်သွေးကြွများက စစ်စခန်းအား ထိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိကြောင်း နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြု တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုသည်။

တောင်ပိုင်းရှိကန်ဒါဟာမြို့နှင့် မြောက် ပိုင်းရှိ ဘာဂရမ်မြို့တို့မှ စစ်စခန်းများ ပြီးခဲ့သည့် ရက်သတ္တပါတ်အတွင်း တိုက်ခိုက်ခံရပြီးနောက် ဂျာလာလာဘတ် စစ်အခြေစိုက်စခန်းကို တာလီဘန်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်တောင်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး

ကန်ဒါဟာ ဇွန် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် အင်္ဂါနေ့က လမ်းဘေးဗုံးပေါက်ကွဲရာ အရပ်သား နှစ်ဦး သေဆုံး၍ နှစ်ဦးဒဏ်ရာရရှိသွား ကြောင်း သတင်းတွင် ဖော်ပြသည်။

အင်္ဂါနေ့ နံနက် ဒေသစံတော်ချိန် ၆ နာရီက ခါရစ်ဇ်ခရိုင်တွင် အရပ်သားပိုင် ကားတစ်စီး မောင်းနှင်လာစဉ် စစ်သွေး ကြွများ ထောင်ထားသော မိုင်းဗုံးကို ဖြတ်နင်းမိရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံး၍ ယာဉ်မောင်းအပါ အဝင် လူနှစ်ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကန်ဒါဟာပြည်နယ်သည် တာလီဘန် များ ကြီးစိုးရာနေရာတစ်ခုဖြစ်ပြီး လွန်ခဲ့သော နှစ်နှစ်ကျော်က စတင် အကြမ်းဖက်မှုများ၊ အကြမ်းဖက်တိုက်ခိုက် မှုများ တိုးမြင့်ဖြစ်ပေါ် လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်ဒုက္ခသည်စခန်း

အာဖဂန်နစ္စတန်နိုင်ငံ ကဘူး မြို့တော်အတွင်းရှိ အာဖဂန်ဒုက္ခသည် စခန်းတစ်ခုကို ဇွန် ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တောင်ပိုင်း၌ တိုက်ပွဲဖြစ် လူခြောက်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

ကဘူး ဇွန် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ဇာဘူးလ်ပြည်နယ်တောင်ပိုင်း၌ ဇွန် ၂၉ ရက်က စစ်သွေး ကြွနှင့် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းများ တိုက်ပွဲဖြစ်ရာ လူခြောက်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြား သည်။

ရှားအီးဆာဖာဒေသတွင် ဇွန် ၂၉ ရက်နံနက်ပိုင်းက ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီ၏ ယာဉ်တန်းကို တာလီဘန်တို့က ချုံခိုတိုက်ခိုက်ခဲ့ရာ ကုမ္ပဏီအစောင့်များကလည်း အပြန်အလှန်ပစ်ခတ်ခဲ့ကြောင်း၊ ထိုတိုက်ပွဲအတွင်းကုမ္ပဏီဝန်ထမ်းခြောက်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

ကုမ္ပဏီ၏အမည်ကိုဖော်ပြခြင်းမရှိသော်လည်း အဆိုပါကုမ္ပဏီသည် နေတိုး ဦးဆောင်သော တပ်ဖွဲ့မှ ယာဉ်တန်းများကို လုံခြုံရေးစောင့်ရှောက်ပေးနေသည့် ကုမ္ပဏီ ဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ နေတိုးတပ်ဖွဲ့ ရောက်ရှိလာပြီးနောက် စစ်သွေးကြွများ ဆုတ်ခွာသွားကြောင်း၊ စစ်သွေးကြွများဘက်တွင်လည်း ထိခိုက်သေဆုံးသူများရှိသည်ဟု သတင်းတွင်ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးတပ်ဖွဲ့၏ ထောက်ပံ့ရေးယာဉ်တန်းများကို နိုင်ငံ တကာနှင့် အာဖဂန်ပြည်တွင်းမှ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီအများအပြားက အခ ကြေးငွေဖြင့် လိုက်ပါစောင့်ရှောက်လျက်ရှိသည်။ ***အင်တာနက်။***

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၃၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၃၀ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၀၄၉ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၆၉၂၉၅ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၂၀၄၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၉၂၉၅ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇွန် ၃၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှ စတင်ပြီး ဇွန် ၃၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၄၉ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၄၉၆ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၂၉၄၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၄၉၆ ဦး

အင်တာနက်။

မိမိတို့ဒေသနှင့် ဒေသနေပြည်သူတို့၏ အခြေအနေများကို ကျွမ်းဝင်သိရှိပြီး မှန်ကန်တိကျသည့် သတင်းပြန်ကြားရေးနှင့် ပညာပေးလုပ်ငန်းများကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆွေးနွေးဆောင်ရွက်နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇွန် ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဇွန် ၂၉ ရက်တွင် ပဲခူးမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ ညောင်လေးပင်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် တောင်ငူမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများသို့ ရောက်ရှိပြီး ရုပ်/သံ ထုတ်လွှင့်နေမှုနှင့် ပတ်ဝန်းကျင်ဒေသများသို့ ပျံ့နှံ့ရောက်ရှိမှုအခြေအနေ၊ FMရေဒီယိုများ ထုတ်လွှင့်နေမှုအခြေအနေနှင့် ရုပ်/သံ တာဝါတိုင်များနှင့် ဂြိုဟ်တုဆက်သွယ်ရေး စလောင်းများ ကြံ့ခိုင်ထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ရုပ်/သံ ထုတ်လွှင့်မှုကို စက်စွမ်းအားအလျောက် ပတ်ဝန်းကျင်ဒေသများသို့ ထိထိရောက်ရောက် ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရန်၊ ထပ်မံတိုးချဲ့ တပ်ဆင်ဆောင်ရွက်မည့် ရုပ်/သံ အစီအစဉ်သစ်များ၊ FM ရေဒီယိုအစီအစဉ်သစ်များအတွက် ထပ်ဆင့်လွှင့်စက်ရုံများအလိုက် လိုအပ်မည့်ဆက်စပ်လုပ်ငန်းစဉ်များအားလုံးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ ရုပ်/သံလွှင့်တာဝါတိုင်နှင့် ဂြိုဟ်တုဆက်သွယ်ရေးစလောင်းများတွင် တွေ့ရှိရသည့် ကြံ့ခိုင်ရေးအားနည်းချက်များကို ချက်ချင်းပြုပြင်ဆောင်ရွက်ရန်၊ လျှပ်စစ်မီးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်နှင့် မီးသတ်ဆေးဘူးများ လုံလောက်သည့်အရေအတွက်ပြည့်အောင် ဖြည့်ဆည်းဆောင်ရွက်ရန်၊ စက်ရုံများ၏ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် ဆွေးနွေးညှိနှိုင်း မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပဲခူးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

အလားတူ ဝန်ကြီး ဦးကျော်ဆန်းသည် ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ လည်းကောင်း၊ တောင်ငူမြို့ရှိ ပဲခူးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ လည်းကောင်း ရောက်ရှိစစ်ဆေးပြီး တိုင်း၊ ခရိုင် ဦးစီးမှူးများ၊ ကဝ၊ သနပ္ပင်၊ ဝေါ၊ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ကျောက်ကြီး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ဖြူးနှင့် ထန်းတပင်မြို့နယ်များမှ မြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနရုံးများရှိ စာကြည့်တိုက်များမှ စာအုပ်၊ စာစောင်များ ပျောက်ပျက်လျော့နည်းမှု မရှိအောင် စနစ်တကျထိန်းသိမ်းထားရှိရန်၊ မိမိတို့ ရုံးစာကြည့်တိုက်များသို့ ပြည်သူများ ပိုမိုလာရောက်စာပေဖတ်ရှုလေ့လာအောင် ဆွဲဆောင်စည်းရုံးဆောင်ရွက်ရန်၊ နယ်လှည့် စာကြည့်တိုက်လုပ်ငန်းများ၊ နယ်လှည့်စာဖတ်ဝိုင်းနှင့် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို ယခုထက်ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ရုံးများရှိ စာကြည့်တိုက်များအပါအဝင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို သတ်မှတ်စံများနှင့် ကိုက်ညီသည့် စာကြည့်တိုက်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက် ကြရန်၊ မိမိတို့ ဒေသအတွင်း ကျေးရွာတိုင်း သတင်းစာတစ်စောင် ရောက်ရှိဖတ်ရှုနိုင်ရေး၊ ဒို့ကျေးရွာဂျာနယ်တစ်စောင် ကျေးရွာတိုင်း ရောက်ရှိဖတ်ရှုနိုင်ရေးတို့အတွက် ကိုယ့်အား ကိုယ်ကိုးသည့်စနစ်၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သည့်စနစ်၊ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်သည့်စနစ် စသည့် နည်းသုံးနည်းဖြင့် ဆောင်ရွက်ကြရန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ အားလုံးသည် အမျိုးသားအကျိုးစီးပွား ဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများအဖြစ် ခံယူရပ်တည် တာဝန်ထမ်းဆောင်လျက်ရှိသည့် အားလျော်စွာ မိမိတို့ဒေသနှင့် ဒေသနေပြည်သူတို့၏ အခြေအနေများကို ကျွမ်းဝင်သိရှိပြီး မှန်ကန်တိကျသည့် သတင်းပြန်ကြားရေးနှင့် ပညာပေးလုပ်ငန်းများကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆွေးနွေးဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြ ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၃)ထွက်ရှိ

ရန်ကုန် ဇွန် ၃၀

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၃)ကို ဇူလိုင် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးထွက်လိုလျှင် မြေယာစနစ်တကျပြုပြင်၊ စီးပွားဖြစ်လိုလျှင် ဆီးပင်စိုက်ပါ၊ ဘဲလွှတ်ကျောင်းမောင်း စပါးအထွက်ကောင်း၊ စီးပွားဖြစ်အောင်ကွမ်းသီးပင်စိုက်ပါ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ အပူချိန်မြင့်မားလာမှုနှင့် နို့စားနွားမွေးမြူရေး၊ တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အစာကျွေးခြင်းစနစ်၊ ပင်လယ်လိပ်မျိုးပြုန်းတီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ပေး၊ ဘဲမွေးခြင်းမှ အမြတ်ရ၊ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ငါးရစ်ငါးသန်ထိန်းသိမ်းစို့ စသည့် မွေးမြူရေးဆောင်းပါးများ၊ အရက်ကပေးသောရောဂါ၊ ပူဒီနာပင် ဆေးဖက်ဝင်၊ ငှက်ပျောတစ်လုံး အသုံးဝင်ပုံ၊ အဝလွန်သူများလိုက်နာစရာ၊ ဆံကေသာလှပမှုအတွက် မုန်လာဥနီ၊ တားဆီးကာကွယ် ဆေးလိပ်အန္တရာယ်၊ မျက်လုံးအလှလေ့ကျင့်ခန်း၊ အစားအသောက်နှင့် ကျန်းမာရေးစသည့် ကျန်းမာရေးဆောင်းပါးများ၊ မြန်မာအမျိုးသမီးများ၏ ကောင်းမြတ်သော အစဉ်အလာများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပါ၊ စစ်အေးတိုက်ပွဲနှင့် ဒီမိုကရေစီအသွင်ကွဲများစသည့် အသိပညာပေး သုတရသဆောင်းပါးများ၊ နီပေါနိုင်ငံအကြောင်း သိကောင်းစရာ၊ မော်တော်ဆိုင်ကယ်ကို တီထွင်သူ နီကိုးလပ်စ်အော်တို၊ မလေးရှားနိုင်ငံ ရော်ဘာထုတ်လုပ်မှုတိုးမြှင့်မည်၊ အိန္ဒိယပဲထုတ်လုပ်မှု အလားအလာကောင်းစသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာရပ်တွေကို ပေးဆပ်တင်ဆက်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆိုတဲ့ တင်မိုးလွင်နှင့် တွေ့ဆုံခြင်းစသည့် အနုပညာသတင်းများ၊ ကိုင်းခုတ်ချိန် ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။ ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၇-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "သမ္ဗုဒ္ဓပူဇာအလုပ်ပေး" တရားတော် (ဆရာတော် ဘဒ္ဒန္တကဥ္စနသာရ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် [Special Summer School (2010)Closing Ceremony New Cyber Centre]
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၃၃)**
- ၈း၃၀ စိတ်ကူးတို့နှင့်အနုပညာ
- ၈း၄၅ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု
- ၉း၀၅ Activities In the City (အကျဉ်းဦးစီးဌာန၏ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား)
- ၉း၁၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၉း၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "နေဝင်လထွက်ရိုက်ကွင်း အမှတ်တရ"
- ၉း၄၀ Science For All (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
- ၁၀း၁၅ စိုက်ပျိုးစွမ်းအားမြင့်မားစေတာ ကဥ္စနကျွန်းသာ
- ၁၀း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၀း၅၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း)
- ၁၁း၀၅ အားမာန်အပြည့်နဲ့ Ruby Land F.C
- ၁၁း၄၅ မြန်မာစာ၊ မြန်မာစကား
- ၁၂း၀၀ ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါပိုးထည်)
- ၁၂း၃၅ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန်(၃) (အူမကြီးနှင့်အစာဟောင်းအိမ်ကင်ဆာ)
- ၁း၀၀ "သမ္ဗုဒ္ဓပူဇာအလုပ်ပေး" တရားတော် (ဆရာတော် ဘဒ္ဒန္တကဥ္စနသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Romantic Couple-2)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၃၃)**
- ၄း၀၅ စိုက်ပျိုးစွမ်းအားမြင့်မားစေတာ ကဥ္စနကျွန်းသာ
- ၄း၂၀ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု
- ၄း၄၀ ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင် Clinic ၏ Weight Reduction Centre ဖွင့်လှစ်ခြင်း အခမ်းအနား)
- ၄း၅၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၄း၅၅ စိတ်ကူးတို့နှင့်အနုပညာ
- ၅း၁၅ Activities In the City (အကျဉ်းဦးစီးဌာန၏ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား)
- ၅း၃၀ **MRTV-4 ကာတွန်းအစီအစဉ်**
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အနုပညာမိုးကောင်းကင်
- ၆း၄၅ ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါပိုးထည်)
- ၇း၁၅ Fashion Music Festival (Romantic Couple-2)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဂီတသရုပ်ပြခန်း (ယုဇန Selection)
- ၉း၀၀ အားမာန်အပြည့်နဲ့ Ruby Land F.C
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၃၃)**
- ၁၀း၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၃) (အူမကြီးနှင့်အစာဟောင်းအိမ်ကင်ဆာ)
- ၁၀း၂၀ Sports World
- ၁၀း၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "နေဝင်လထွက်ရိုက်ကွင်း အမှတ်တရ"
- ၁၁း၀၅ ရန်ကုန်မြင်ကွင်းကျယ် [Special Summer School (2010)Closing Ceremony New Cyber Centre]
- ၁၁း၂၀ အနုပညာမိုးကောင်းကင်
- ၁၁း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင် Clinic ၏ Weight Reduction Centre ဖွင့်လှစ်ခြင်း အခမ်းအနား)
- ၁၂း၀၀ ဂီတသရုပ်ပြခန်း (ယုဇန Selection)
- ၁၂း၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လူကုန်ကူးမှုတိုက်ဖျက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

မျိုးလေး

"လူကုန်ကူးခြင်း"ဆိုတာ ရှေးရာစုနှစ်များစွာကပင် ကမ္ဘာတစ်ဝန်းမှာ ရှိခဲ့တဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပြီး **"ကျေးကျွန်စနစ်"**အဖြစ် ခေါ်ဝေါ်သုံးစွဲခဲ့ကြပါတယ်။ ရိုးရှင်းစွာပြောရမယ်ဆိုရင်တော့ လူသားစစ်စစ်ကို ကုန်ပစ္စည်းသဖွယ် ရောင်းချခဲ့ကြတဲ့ဖြစ်စဉ်ကြီးပါပဲ။ ဒီစနစ်ဆိုးကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ ကျော်လောက်မှာ ပျောက်ကွယ်သွားခဲ့ပြီး **"ခေတ်သစ်ကျေးကျွန်စနစ်"**လို့ပြောလို့ရတဲ့ **"လူကုန်ကူးမှု"** ဖြစ်စဉ်ကြီးအဖြစ် ၁၉၉၀ ပြည့်နှစ်လောက်ကစလို့ တစ်ဖန်ပြန်လည် ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။

လူကုန်ကူးခြင်းလုပ်ငန်းဟာ အရင်းအနှီးနည်းပါးပြီး အမြတ်အစွန်းကြီးမားလှတဲ့အပြင် ယနေ့ကမ္ဘာမှာ လျင်မြန်စွာတိုးတက်နေတဲ့ ဆက်သွယ်ရေးနည်းပညာများကို အလွဲအသုံးချပြီး ကျူးလွန်နိုင်တဲ့ အားသာချက်တွေကြောင့် လူသားအချင်းချင်း ရက်စက်စွာ ကျူးလွန်နေကြတဲ့ လူကုန်ကူးမှုပြဿနာဟာ ကမ္ဘာနဲ့အဝန်း လျင်မြန်စွာကြီးထွား ပျံ့နှံ့ခဲ့ရတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိကြတဲ့ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနဲ့ မဖွံ့ဖြိုးသေးတဲ့နိုင်ငံအသီးသီးဟာ ဒီပြဿနာကို ရင်ဆိုင်နေကြရပါတယ်။ လူကုန်ကူးမှုရဲ့ သဘောသဘာဝက လျှို့ဝှက်ပြီးကျူးလွန်ကြတာဖြစ်လို့ လူကုန်ကူးခံနေရသူအရေအတွက်ကို အတိအကျ စာရင်းကောက်ယူဖို့ ခက်ခဲပေမယ့် နှစ်စဉ်လူတစ်သန်းမှ နှစ်သန်းခန့်အတွင်း လူကုန်ကူးခံရကြောင်း သုတေသီများရဲ့ လေ့လာချက်တွေအရ သိရှိရပါတယ်။

လူကုန်ကူးခြင်းဖြစ်စဉ်တွေကို လေ့လာသုံးသပ်ကြည့်တဲ့အခါ လူကုန်ကူးသူတွေ အဓိကပစ်မှတ်ထားတဲ့ လူကုန်ကူးခံရသူအများစုဟာ အမျိုးသမီးနဲ့ ကလေးသူငယ်တွေဖြစ်တာကို တွေ့ရပါတယ် အမျိုးသမီးများနဲ့ ကလေးသူငယ်များဟာ ခြိမ်းခြောက်ဖို့၊ အင်အားသုံးဖို့၊ အတင်းအကျပ်ပြုဖို့၊ သွေးဆောင်ဖြားယောင်းဖို့လွယ်ကူသလို ရပ်တည်ရန်ခက်ခဲတဲ့အခြေအနေကိုကျရောက်ဖို့လည်း လွယ်ကူတဲ့သူတွေဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသမီးနဲ့ ကလေးသူငယ်တွေဟာ ဆုံးဖြတ်ချက်ပေးနိုင်တဲ့ စွမ်းအားလည်းနည်းပါးတတ်တဲ့အတွက် လူကုန်ကူးသူတွေရဲ့ သားကောင်အဖြစ် ပစ်မှတ်ထားခံကြရတာ ဖြစ်ပါတယ်။

နောက်အခြေအနေတစ်ခုကတော့ လူကုန်ကူးမှုဖြစ်စဉ်တွေကို ကြည့်တဲ့အခါ အမျိုးသမီးတွေကို ပြည့်တန်ဆာအဖြစ်ခိုင်းစေဖို့ ရောင်းစားတာတွေ၊ ဇနီးမယားအဖြစ်အမည်ခံပြီး ကျေးကျွန်သဖွယ် ခိုင်းစေတာတွေ၊ ကလေးသူငယ်တွေကို ညစ်ညမ်းပုံရိုက်ကူးမှုအပါအဝင် လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေမှု၊ အလွဲသုံးမှုတွေ၊ ကလေးသူငယ်တွေကို အမည်ခံမွေးစားပြီး ခေါင်းပုံဖြတ်မှု အမျိုးမျိုးလုပ်တာတွေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူရောင်းချတာတွေအပြင် အမျိုးသမီးနဲ့ ကလေးသူငယ်တွေကို တောင်းရမ်းစားသောက်သူများဘဝကျရောက်အောင် ခိုင်းစေကြတဲ့ ဖြစ်စဉ်တွေကြောင့် အမျိုးသမီးနဲ့ ကလေးသူငယ်တွေဟာ လူကုန်ကူးမှုရဲ့ သားကောင်ဘဝကို အများဆုံး ကျရောက်ကြရတာလို့ သုံးသပ်မိပါတယ်။ ပင်ပန်းစွာ အလုပ်ခိုင်းစေတဲ့ စက်ရုံ၊ အလုပ်ရုံနဲ့ အလုပ်စခန်းတွေမှာ ရောင်းစားခံရပြီး လုပ်အားခတွေကို ခေါင်းပုံဖြတ် ခံရတဲ့အပြင် အလုပ်ရှင်ရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကိုပါ ခံကြရတဲ့ဖြစ်စဉ်တွေမှာတော့ အမျိုးသမီးနဲ့ ကလေးသူငယ်များသာမက အမျိုးသားများပါ လူကုန်ကူးမှုသားကောင်အဖြစ် ကျရောက်တတ်ကြတာကိုလည်း တွေ့ရပါတယ်။

လူကုန်ကူးဖြစ်စဉ်အတွင်း ကျရောက်စေတဲ့ **"တွန်းအား"**တွေ **"ဆွဲအား"** တွေ လေ့လာကြည့်တဲ့အခါ လက်ရှိဝင်ငွေထက် ပိုရလိုခြင်း၊ မိဘ၊ မိသားစုကို ပိုမိုထောက်ပံ့ပေးလိုခြင်း၊ ပညာရေးနိမ့်ကျပြီး စူးစမ်းဆင်ခြင်စိတ် နည်းပါးခြင်း၊ သူတစ်ပါးကို ယုံလွယ်ခြင်း၊ သတင်းအချက်အလက် အပြည့်အဝမရရှိခြင်းတွေဟာ တွန်းအားတွေဖြစ်ကြပြီး တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်ရင် အလုပ်အကိုင်အခွင့်အလမ်းကောင်းမယ်၊ ဝင်ငွေပိုရမယ်ဆိုတဲ့ မက်လုံးပေးမှုကို ယုံကြည်ခြင်း၊ အချို့သောလူနည်းစု အဆင်ပြေသူများကို တွေ့မြင်အားကျခြင်းတွေဟာ ဆွဲအားတွေဖြစ်ကြပါတယ်။ ဒီတွန်းအားတွေ၊ ဆွဲအားတွေကြောင့်ပဲ လူကုန်ကူးမှုဖြစ်စဉ်တွေအတွင်း အလွယ်တကူ ကျရောက်ခဲ့ကြရတာ ဖြစ်ပါတယ်။

အဲဒီဖြစ်စဉ်အတွင်းမှာ လူကုန်ကူးခံရသူတွေဟာ မိမိတို့ လုပ်ကိုင်ရမယ့်လုပ်ငန်းခွင်အကြောင်း သတင်းအမှားများကို လက်ခံရရှိခြင်း၊ မမှန်ကန်တဲ့ ကတိများကို လက်ခံရရှိခြင်း၊ ခရီးဆုံးနေရာကို အသိမပေးဘဲ နိုင်ငံကူးလက်မှတ်နဲ့ အခြားအရေးကြီးတဲ့ စာရွက်စာတမ်းတွေကို လူကုန်ကူးသူတွေက ထိန်းချုပ်ကိုင်ဆောင်ထားခြင်း၊ နိုင်ငံကူးလက်မှတ် အပါအဝင် ခရီးသွားလာမှုဆိုင်ရာ စာရွက်စာတမ်းအတုများ ကိုင်ဆောင်သွားလာစေခြင်း စတာတွေကိုလည်း ကြုံတွေ့ကြရနိုင်ပါတယ်။ အခြားနိုင်ငံတစ်ခုကိုဖြတ်ကျော်ပြီး လူကုန်ကူးခံရသူတွေဟာ ဘာသာစကားအခက်အခဲကြောင့် အကူအညီတောင်းခံလို့ မရနိုင်ဘဲ ဒုက္ခနွံထဲကို သက်ဆင်းကြရပါတယ်။

လူကုန်ကူးမှုရဲ့ ဆိုးရွားလှတဲ့ အကျိုးဆက်တွေဟာ လူသားတွေကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေဖြစ်ပေါ်စေရုံသာမက တစ်ခါတစ်ရံမှာ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးရတဲ့အထိ ကြုံတွေ့ကြရတာမို့ ဒီအန္တရာယ်ဆိုးကြီးကနေ ကာကွယ်တိုက်ဖျက်ဖို့ နိုင်ငံတွေရဲ့ အစိုးရအသီးသီးက ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း လူကုန်ကူးမှုဟာ မြန်မာလူမျိုးများ တန်ဖိုးထားစောင့်ရှောက်အပ်တဲ့ အမျိုးအနွယ်စောင့်ထိန်းမှုကို ပျက်ပြားစေပြီး အမျိုးသားရေးဂုဏ်သိက္ခာ ထိပါးကျဆင်းစေတယ်လို့ ခံယူကြတဲ့အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ အပြည်ပြည်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း တာဝန်သိသော နိုင်ငံတစ်ခုအဖြစ် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များမှာ နိုးကြားတက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ပြဿနာများအပေါ် စိတ်ပါဝင်စားမှု၊ လေးစားမှုနဲ့ သန္နိဋ္ဌာန်ချမှုတို့အရ လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများနဲ့ သက်ဆိုင်တဲ့ **"နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"** နဲ့ နောက်ဆက်တွဲ စာချုပ်တွေဖြစ်တဲ့ **လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်၊ လူမှောင်ခိုမှု တိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်**တွေမှာလည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့က ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။

> **မြန်မာနိုင်ငံအနေနဲ့ ၁၉၉၂ ခုနှစ်ခန့်ကစပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ၁၉၉၆ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ" နဲ့ ၂၀၀၃ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ "မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်" တို့ဟာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရနဲ့ စဉ်ဆက်မပြတ် အတူပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ ....**

အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ မည်မျှပင်ရှိစေကာမူ လူကုန်ကူးခြင်းတိုက်ဖျက်ရာမှာ အောင်မြင်ဖို့အတွက် နိုင်ငံတော်အစိုးရများရဲ့ သန္နိဋ္ဌာန်နဲ့ ကြိုးပမ်းဆောင်ရွက်မှုအပေါ် အဓိကမူတည်နေတာဖြစ်တဲ့အတွက် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ **"လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ"**ဟာ နိုင်ငံတော်အစိုးရရဲ့ လူကုန်ကူးမှု တိုက်ဖျက်ရန် ခိုင်မာတဲ့သန္နိဋ္ဌာန်အရ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့ဥပဒေတစ်ရပ်ဖြစ်ပါတယ်။

"လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ"ဟာ လူကုန်ကူးမှုကိစ္စရပ်များ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာနဲ့ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်သလို လူကုန်ကူးခြင်းခံရတဲ့ အမျိုးသမီးများနဲ့ ကလေးသူငယ်များကို အထူးကာကွယ်စောင့်ရှောက်ပေးဖို့ လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်တဲ့ ယန္တရားတစ်ခုလည်း ဖြစ်ပါတယ်။ ထို့အတူပဲ လူကုန်ကူးမှု ကျူးလွန်ကြတဲ့သူများကို ထိထိရောက်ရောက်အရေးယူအပြစ်ပေးနိုင်တဲ့ လက်နက်ကိရိယာတစ်ခုလည်းဖြစ်ပါတယ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပလူမှုရေး အဖွဲ့အစည်းများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများကလည်း ကဏ္ဍအသီးသီးကနေ လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၁၉၉၂ ခုနှစ်ခန့်ကစပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ၁၉၉၆ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ **"မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ"** နဲ့ ၂၀၀၃ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ **"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"**တို့ဟာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရနဲ့ စဉ်ဆက်မပြတ် အတူပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တာမို့ လူကုန်ကူးသူတွေရဲ့ အဓိကပစ်မှတ်ဖြစ်တဲ့ အမျိုးသမီးများနဲ့ ကလေးသူငယ်များထံ လူကုန်ကူးမှုရဲ့ သဘောသဘာဝနဲ့ နောက်ဆက်တွဲ ဆိုးကျိုးများနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်များရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ လုပ်ငန်းအဖွဲ့တစ်ခုဖြစ်တဲ့ **"အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနဲ့ ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့"**နဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့တွေက မြို့ပြမှသည် ကျေးလက်ဒေသအထိ အမျိုးသမီးထုအတွင်း အသိပညာပေးမှုတွေကို ထိရောက်စွာ ဆောင်ရွက်ခဲ့ကြပါတယ်။ အသိပညာပေးဟောပြောပွဲများ၊ စကားဝိုင်း ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အသိပညာပေး ဗီဒီယို၊ ရုပ်မြင်သံကြားများ ပြသခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစတဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။

လူကုန်ကူးခံရသူများဟာ လူသားများဖြစ်ကြတဲ့အတွက် လူကုန်ကူးခံရတဲ့ဖြစ်ရပ်ကြောင့် လူမှုအသိုင်းအဝိုင်းပြင်ပကို ရောက်မသွားစေဘဲ သာမန်လူသားတစ်ယောက်အဖြစ် လူမှုအသိုင်းအဝိုင်းအတွင်းမှာ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးနိုင်ရေးကို ဦးတည်ပြီး လူကုန်ကူးခံရမှုကြောင့် ရရှိလာတဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေကို ပြန်လည်ကုစားတဲ့ လုပ်ငန်းစဉ်မှာလည်း "မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"က တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြပါတယ်။ ခေါင်းပုံဖြတ်မှု ပုံစံအမျိုးမျိုးကို ကြုံတွေ့ခဲ့ရတဲ့ လူကုန်ကူးခံရသူတွေဟာ စိတ်ဓာတ်ကျခြင်း၊ ရှက်ကြောက်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့ပြီး အပြစ်ရှိသကဲ့သို့ ခံစားရခြင်း၊ လက်တုံ့ပြန်လိုခြင်း၊ ကလဲ့စားချေလိုခြင်းစတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်တတ်တဲ့အတွက် နှစ်သိမ့်ဆွေးနွေးမှုတွေကို စနစ်တကျဆောင်ရွက်ပေးတဲ့အပြင် ဘဝရပ်တည်နိုင်ရေးအတွက် ကျွမ်းကျင်မှုအခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးပြီး ရင်းနှီးမတည်ငွေအဖြစ် အသေးစားချေးငွေ ထုတ်ပေးတာတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူကုန်ကူးခံရသူ အမျိုးသမီးနဲ့ ကလေးသူငယ်များကို မိဘရင်ခွင်ထဲမှာ နွေးထွေးစွာ ပြန်လည်နေထိုင်နိုင်ဖို့ နောက်ဆက်တွဲ စောင့်ရှောက်မှုတွေကိုလည်း ဆောင်ရွက်ပေးကြပါတယ်။

"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ အဟန့်အတား အနှောင့်အယှက်ဖြစ်စေတဲ့၊ တစ်နည်းအားဖြင့် အမျိုးသမီးများရဲ့ဘဝ လုံခြုံရေးကို ထိခိုက်စေတဲ့ **"လူကုန်ကူးမှု"** ကို တိုက်ဖျက်ရာမှာလည်း နိုင်ငံတော်အစိုးရနဲ့အတူ **"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"**က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ ၂၀၀၉ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးက ချမှတ်ခဲ့တဲ့ ရှေ့လုပ်ငန်းစဉ် (၁၀)ရပ် အနက် ရှေ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ **"လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်"** ဆိုတဲ့ ရှေ့လုပ်ငန်းစဉ်နဲ့အညီ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အစဉ်အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း ဇူလိုင်လ ၃ ရက်နေ့မှာ ကျရောက်တဲ့ **"မြန်မာအမျိုးသမီးများနေ့"**ကို ဂုဏ်ပြုကြိုဆိုလိုက်ပါတယ်။ ။

ရင့်ကျူးနွယ်အာဟိန် ကြိုးသီချင်း

၁။ မေမြန်မာ၊ ဆွေသဟာ၊ အမျိုးသမီးများ၊ အထူးကွန်ခြေ၊ စိုးပါလို့၊ တက်လှမ်း အချိန်တွေ၊ စိန်ရွှေ၊ အမျိုးသမီးများ၊ အထူးချိန်စေ၊ ဖိုးတန်မို့၊ ဆက်ကမ်း

၂။ ဘုရား၊ တရားနှင့် သံဃာ ရှိဦးရှိသေ၊ ဦးတင်စို့၊ ထွဋ်မွန်းတရား၊ မမှားရအောင်၊ အဘိမ္မော၊ သင်ကြစို့လေ၊ လှမ်းဘို့တက်နန်း

၃။ [(ငြိမ်းချမ်း၊ ငြိမ်းချမ်း၊ ဒီပါလေ၊ ညီလာလှေ)၂ တေဇာ၊ နေဝါ၊ ဇေယျာအောင်မျို့၊ ချီးဝှဲ၊ ရင့်နွဲ့နွဲ့]၂

၄။ (ရင်ထဲစဉ်မကွာ၊ ပုဗ္ဗာမိဘဆရာ၊ အစဉ်အမြဲနာခံ၊ ဆရာမိဘထံ၊ လေးစားကာကြိုးပါလို့လေး)၂ တင့်ထူး၊ ဂုဏ်ရှိန် ဝေမည် ပွင့်ဖူးကွတ္တိခြေ၊ ရင့်ကျူးနွယ်အာဟိန် ။ ။

မူမူခင်
ကထိက(ဂီတ)(ငြိမ်း)
ယဉ်ကျေးမှုတက္ကသိုလ်

မြန်မာအမျိုးသမီးများနေ့

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2010

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲများနှင့် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၃၀

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားများနှင့် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်မြသီဂီ နှင့် ဒေါ်ခင်မိမိ၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ နေပြည်တော်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်းနှင့် ဒေါ်မြသီဂီ၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်တို့က မြေစိုက်ပိုစတာစိုက်ထူပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်က မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြေစိုက်ပိုစတာ စိုက်ထူပွဲကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီး၌ ကျင်းပရာ နာယကများနှင့် ဥက္ကဋ္ဌတို့က မြေစိုက်ပိုစတာစိုက်ထူပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဥက္ကဋ္ဌက မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံးဝင်း အတွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများက သတ်မှတ်နေရာများ၌ သရက်ပင်များနှင့် စိန်ပန်းပင်များကို စိုက်ပျိုးပေးကြပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မြေစိုက်ပိုစတာ စိုက်ထူ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ ကျင်းပစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၇-၂၀၁၀
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၂၆)
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း (အပိုင်း-၂၆)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူ့ရဲကောင်း (အပိုင်း-၃၂)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

Star Resources က နှစ်နှစ်သင်တန်းအတွက် အခမဲ့ ဆောင်ရွက်ပေးနေ

နေပြည်တော် ဇွန် ၃၀

Star Resources Hospitality Management Academy က အင်္ဂလန်နိုင်ငံရှိ London Hotel School College ၌ Hospitality Management Diploma ဘာသာရပ်များကို ၂၀၁၀ ခုနှစ် ဩဂုတ်သင်တန်းပတ်တွင် လေ့လာလိုသူများအတွက် ဝန်ဆောင်ခမယူဘဲ အခမဲ့ ဆောင်ရွက်ပေးနေပြီဖြစ်သည်။

သင်တန်းကာလမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်သည်။ ပထမနှစ်၏ သင်တန်းအချိန်မှာ မနက်ပိုင်းနှင့် ညနေပိုင်း နှစ်မျိုးဖြစ်ပြီး မိမိအဆင်ပြေသော Section တွင် တက်ရောက်နိုင်သည်။

စာရင်းပေးသွင်းနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏ သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်း ပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၆ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်သို့ သွားရောက်၍ တိုင်းရင်းဆေးတက္ကသိုလ်ရှိ E-Library ၌ ပေစာနှင့် ကျောက်စာများမှ တိုင်းရင်းဆေးနည်းများ ကူးယူထိန်းသိမ်းထားရှိမှု၊ လှူဒါန်းထားသော ပေစာနှင့် ပေထုပ်များ သိမ်းဆည်းထားရှိမှု၊ တိုင်းရင်းဆေးထုတ်လုပ်မှု နည်းပညာများ ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ကွန်ပျူတာအသုံးပြုမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းဆေးပြတိုက်ဌာန၌ သဘာဝတိုင်းရင်းဆေးဖက်ဝင်အပင်များ ပြသထားမှု၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၏ တိုင်းရင်းဆေး၌အသုံးဝင်မှု၊ ဓာတုဗေဒပစ္စည်းများကို တိုင်းရင်းဆေး၌ အသုံးချမှု၊ ကျမ်းကိုးတိုင်းရင်းဆေးဖော်စပ်မှုများနှင့် တက်နွယ်ကျောင်း ကျောက်စာထိန်းသိမ်းထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တိုင်းရင်းဆေးဖြင့် ပြည်သူများအား ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် နည်းလမ်းများကို သင်ကြားနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ သွားရောက်၍ တိုးချဲ့သုံးထပ်ဆောင် ဆောက်လုပ်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ ရှင်းလင်းဆောင်၌ အောင်ကောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးကျော်ဝေနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ တင်ညိုညိုလတ်တို့က ဆောက်လုပ်မည့်ပုံစံ၊ လျာထားချက်၊ မြေနေရာနှင့် လူနာစောင့်များ နားနေဆောင် ဆောက်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းပြသကြပြီး ဝန်ကြီးက လျာထားချက်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သားဖွား သင်တန်းကျောင်းသို့ သွားရောက်ကြ၍ ကျောင်းအုပ်ကြီး ဒေါ်မော်လီနှင့် သင်တန်းသူများအား တွေ့ဆုံပြီး တာဝန်ရှိသူများအနေဖြင့် သင်တန်းသူများ စားသောက်နေထိုင်ရေး ကိစ္စရပ်များကို စနစ်တကျ ကူညီဆောင်ရွက်ပေးရန်၊ သင်တန်းသူများအား ဘာသာရပ်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူ ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်မွေးထုတ် သင်ကြားပေးကြရန်၊ သားဖွားလုပ်ငန်းသည် မိခင်နှင့်ကလေး သေနှုန်းကျဆင်းအောင် အဓိက ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် လုပ်ငန်းဖြစ်၍ ထူးချွန်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သင်ကြားပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ခံယူ

မိခင်ကြီး ဒေါ်သုစန္ဒာထေရီနှင့် ညီငယ် ဒုတပ်ကြပ်စိုးသိန်းတို့အား ရည်စူး၍ တွံတေးမြို့ မြသီတာရပ်ကွက်နေ ဦးစိုးဝင်း-ဒေါ်မြင့်မေ၊ သား မောင်စိုးလွင်ဦး၊ မောင်ကျော်ဘိုဘိုစိုးလွင်ထွေး (ခေတ္တ-ဂျပန်)တို့က ဇွန် ၂၁ ရက်က ရန်ကုန်တိုင်း တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများအား တစ်နေ့တာအာဟာရကျွေးမွေးလှူဒါန်းပြီး အမေရိကန်ဒေါ်လာ တစ်ရာတန် ငွေပဒေသာပင် လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း လက်ခံယူစဉ်။ (၃၄၂)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၃၀

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၅)ကို ဇူလိုင် ၁ ရက် (ကြာသပတေးနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်းသိရသည်။ ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်းတွင် ပြသမည့် MTV At The Movies အစီအစဉ်၌ ကြည့်ရှုရမည့် The Karate Kid ဇာတ်ကားအကြောင်း၊ MTV Hits အစီအစဉ်တွင် ကြည့်ရှုရမည့် Miley Cyrus ၏ အသစ်ထွက်ရှိလာသည့် အယ်လ်ဘမ်အသစ်၊ Channel V ရုပ်သံလိုင်းတွင် ပြသမည့် Asian Takeaw ay အစီအစဉ်၌ ကြည့်ရှုရမည့် Rain ၏ Love Song သီချင်းကို နားဆင်ရမည့်အကြောင်း၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် The Proposal, Fight, Night, Pathology စသည့် ဇာတ်ကားများ အပါအဝင် အမျိုးအစားစုံလင်လှသည့် စိတ်ဝင်စားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေး များအကြိုက် Cartoon Network ရုပ်သံလိုင်း၏အစီအစဉ်များ၊ Star World တွင်ပြသမည့် Cougar Town,Parenthood အစီအစဉ် Net Geo Wild ရုပ်သံလိုင်းတွင် ပြသမည့် အစီအစဉ်သစ် တစ်ခုဖြစ်သည့် My Dog Ate What ? အစီအစဉ်နှင့် နှစ်ပေါင်း ၁၅၀၀ ခန့်က သီရိလင်္ကာနိုင်ငံရှိ ခံတပ်ကြီးမှ ပျားတွေအကြောင်း၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရမည့် တောရိုင်းတိရစ္ဆာန်များ၏အန္တရာယ်မှ လွတ်မြောက်လာသူများအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် I’M Alive အစီအစဉ်နှင့် ဖျံများ၏ ချစ်စဖွယ် လေ့စရိုက်များအား ပြသမည့် Sport light : Earth အစီ အစဉ်၊ Travel & Living ရုပ်သံလိုင်း တွင် ကြည့်ရမည့် အိန္ဒိယမင်းသားချောရာရွှတ်ခန်အကြောင်းပြသမည့် အစီအစဉ်နှင့် Life’s A trip With Andrew Anthony အစီအစဉ်၊ မြန်မာစကားပြော/မြန်မာစာတန်းထိုးများဖြင့် ကြည့်ရမည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များအကြောင်း၊ Discovery ရုပ်သံလိုင်းတွင် ကြည့်ရမည့် How Stuff Works Fight Quest အစီအစဉ်များ၊ ESPN နှင့် Star Sport ရုပ်သံလိုင်းတွင် ဟော့ဒေါ့စားရင်း ကြည့်ရမည့် အားကစားအလွဲများအကြောင်း၊ V8 Supercar ပြိုင်ပွဲများအကြောင်း၊ ဟော့ဒေါ့ အစားပြိုင်ပွဲများအကြောင်း၊ 5 Series ရုပ်သံလိုင်းတွင် အသစ်ပြသမည့် ‘သူမဟုတ်တဲ့ ကျွန်တော်’ ဇာတ်လမ်းတွဲ အသစ်အကြောင်း၊ မြန်မာစာတန်းထိုး/ မြန်မာစကားပြောများဖြင့် ကြည့်ရမည့် Multi Max ရုပ်သံလိုင်းမှ အစီအစဉ်များ၊ ပရိသတ်များအတွက် လက်ဆောင်များ ရယူနိုင်မည့် အားကစား အထွေထွေဗဟုသုတနှင့် ဖျော်ဖြေရေး ဉာဏ်စမ်းပဟေဠိစာမျက်နှာများ၊ Mandalay FM တွင် နားဆင် ရမည့် နန်းဆုရတီစိုး ရွေးချယ်ပေးသည့် ‘အဲလက်စ်နှင့် သူ၏ သီချင်းများ’ အယ်လ်ဘမ်အကြောင်း၊ ရတနာမိုင်ရဲ့ ‘မရှိလို့မဖြစ်’ တေးစီးရီးသစ်အကြောင်း၊ MRTV-4 မှ အစီအစဉ်များနှင့် ရုပ်သံလိုင်း အားလုံး၏ ၁၅ ရက်စာ အစီအစဉ် အချိန်ဇယားများအပြင် မြဝတီရုပ်မြင်သံကြား အစီအစဉ်၏ ၁၅ ရက်စာ အစီအစဉ် အချိန်ဇယားများ ပါဝင်သည်။

၁၅ ရက်စာ အစီအစဉ်များ ပါဝင်သော TV Guide စာစောင်ကို ရောင်းဈေး ၅၀၀ကျပ် ဖြင့် Novel Light Express ဖြန့်ချိရေးမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

နှစ်ထပ်မီးသတ်စခန်း ပန္နက်တင်အခမ်းအနား ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက်

ရန်ကုန် ဇွန် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ဇွန် ၂၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မီးသတ်စခန်း၌ ကျင်းပသည့် ငါးယူနစ် နှစ်ထပ်မီးသတ်စခန်းသစ် ဆောက်လုပ်ခြင်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့်အတူ သတ်မှတ်နေရာ၌ မင်္ဂလာပန္နက်တင်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောင်းမြခရိုင် ပြန်/ဆက်ရုံး စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း သင်တန်းဆင်းပွဲ ကျင်းပ

မြောင်းမြ ဇွန် ၃၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောင်းမြခရိုင်က ကြီးမှူး၍ မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၀)ကို ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဆင်း အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး**(အောက်ပုံ)** မြောင်းမြခရိုင်ဦးစီးအရာရှိ ဒေါ်လှကြည်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စံ (၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များဖြစ်ပေါ်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး သင်တန်းတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (ခရိုင်ပြန်/ဆက်)

ပန်းမော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့

ဗန်းမော် ဇွန် ၃၀

ဗန်းမော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သားသမီးများအတွက် ၂၀၁၀-၂၀၁၁ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက်က ယင်းအဖွဲ့ရုံးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးဆန်းထွန်းဦး(ငြိမ်း)က ပညာသင်ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ချိုက ပညာသင်ထောက်ပံ့ငွေများ ပေးအပ်သည်။ အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲတွင် တက္ကသိုလ်အဆင့် ၃၀၊ အထက်တန်းအဆင့် ၃၂ ဦး၊ အလယ်တန်းအဆင့် ၃၃ ဦး၊ မူလတန်းအဆင့် ၁၅ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၀၅၈၀၀၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးလိုင်းများ စနစ်တကျ သွယ်တန်းထားခြင်း ရှိ၊ မရှိကို ဇွန် ၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုး၊ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်ဆန်းယဉ်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

နေပြည်တော်ပျဉ်းမနားမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက် ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၃၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် နေပြည်တော်ပျဉ်းမနားမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းမှူးသည် စိန်ပန်းပင်ကို စိုက်ပျိုးပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများထံ အပင်များကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိုက်ပျိုး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ပျဉ်းမနားမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ရန်ကုန်တိုင်းအသင်းခွဲများ ဖွဲ့စည်းမည်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ရန်ကုန်တိုင်း မြို့နယ်အဆင့် အသင်းခွဲများနှင့် တိုင်းအဆင့်အသင်းခွဲဖွဲ့စည်းရေးအတွက် ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ဇူလိုင် ၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပမည် ဖြစ်သည်။ အဆိုပါရှင်းလင်းပွဲသို့ စိုက်ပျိုးထုတ်လုပ်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်စပါးအထူးပြုကုမ္ပဏီများနှင့် ဆန်ပြည်ပတင်ပို့သူများအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရှင်းလင်းပွဲသို့ မပျက်မကွက် တက်ရောက်ပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၅ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၀ ၅။ အကပဒေသာ
- ၈း၂၀ ၆။ "တက္ကစီမီတာသင်လိုက်ရာ"
- ၈း၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၄၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၂၅ ၄။ တေးဂီတအစီအစဉ်
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အထူးပြုများအားလုံး) (အင်္ဂလိပ်စာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၁၀ ၈။ အရေးပြိုင်ပွဲ
- ၅း၁၅ ၉။ "အဆုံးအဖြတ်"
- ၅း၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၅း၄၀ ၁၁။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၈)
- ၅း၄၅ ၁၂။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၁၃။ ညနေခင်းသတင်း
- ၆း၁၅ ၁၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၅။ ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ"(အပိုင်း-၁၂) (ငြိမ်းချမ်း၊ သူရလင်း၊ စုပုံချစ်) (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၃၅ ၁၆။ ထူးဆန်းထွေလာများကို သိပွဲဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယပိုင်း) (အပိုင်း-၁၂)**
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ဘဝကိုယ်စီအလှကိုယ်စီ (ဝင်းဝင်းအောင်-မြို့မ) သရုပ်ဆောင်-ပပဝင်းခင်၊ တေးရေး-ကိုရွှန်းမြိုင်(မြို့မ)
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၂၈) (ဇာတ်သိမ်းပိုင်း)**
- ၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၅၆)**
- ၂၄။ အစီအစဉ်ပြီး၏။

ဘူးသီးတောင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့က ကံ့ကော်မြိုင်ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဝေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်းဆင်း

မြစ်ကြီးနား ဇွန် ၃၀

ကချင်ပြည်နယ် သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၄/၂၀၁၀) သင်တန်းဆင်းပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသူ၊ သင်တန်းသား ၅၀ တို့တက်ရောက်ကြသည်။ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မင်းက သင်တန်းဆင်းအမှာစကား ပြောကြားကာ သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ကြေးမုံ)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကြည်မြို့မဈေးကြီး အတွင်းရှိ ဈေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းနှင့် အဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဌေးနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

❖ **ကျောဖုံးမှ**

တစ်ရပ်တွင် ဖော်ပြသည်။ မက္ကဆီကိုနိုင်ငံ ဘာဂျာကာလီဖိုးနီးယားပြည်နယ်တွင် ဧပြီ ၄ ရက်က အင်အားပြင်းထန်သော မြေငလျင်လှုပ်ခဲ့ခြင်းကြောင့် အိမ်နီးချင်းဒေသဖြစ်သော အမေရိကန်နယ်စပ်မြို့ ကယ်လီဇီကိုမြို့တည်ရှိရာ ကမ္ဘာ့အပေါ်ယံမြေလွှာ၌ ပုံသဏ္ဌာန်ပျက်ယွင်းမှုဖြစ်ပေါ်ရကြောင်း နာဆာ သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြသည်။အင်အား ၇ ဒသမ ၂ ရှိ မြေငလျင် လှုပ်ခဲ့မှုကြောင့် မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကာလီဖိုးနီးယားပြည်နယ်နှင့် အရီဇိုးနားပြည်နယ် နယ်စပ် မြို့ကြီးများရှိ အဆောက်အအုံအများအပြား ပျက်စီးခဲ့ရသည်။ အင်အားပြင်းထန်သောမြေငလျင်ကြောင့် အမေရိကန်နယ်စပ်ရှိ မြို့ကြီးတစ်မြို့ တောင်ဘက်သို့ ကျွံဝင်ခဲ့ရပုံကို ကောင်းကင်ရေဒါဖြင့် ရိုက်ကူးခဲ့သော ဓာတ်ပုံမှတ်တမ်းများအရ သိရှိရသည်ဆို၏။

ဧပြီ ၄ ရက်က လှုပ်ခဲ့သော မြေငလျင်သည် ဒေသတွင်း၌ နှစ်ပေါင်း ၁၂၀ အတွင်း အပြင်းထန်ဆုံးမြေငလျင်ဖြစ်သည်။ ယင်းမြေငလျင်၏ ဗဟိုချက်မှာ ကာလီဖိုးနီးယားပြည်နယ် ကယ်လီဇီကိုမြို့၏ အရှေ့တောင်ဘက် ၃၂ မိုင်အကွာ နေရာဖြစ်သည်။

မြောက်အမေရိကတိုက်တွင် ပစိဖိတ်မြေငလျင်ရပ်ဝန်းနှင့် မြေငလျင်လှုပ်ခဲ့ပြီးနောက် ဒေသတွင်း၌ ဘူမိမြေအနေအထားပြောင်းလဲပုံကို သိပ္ပံပညာရှင်များလေ့လာခဲ့ကြသည်။

အင်အားပြင်း မြေငလျင်ကြောင့် အမေရိကန်ဘက်ခြမ်းတွင်ရော မက္ကဆီကိုဘက်ခြမ်းတွင်ပါ ဘူမိမြေအနေအထား ပုံသဏ္ဌာန်ပျက်ယွင်းမှု ဖြစ်ပေါ်ရသည်။ မက္ကဆီကိုနိုင်ငံတွင် မြေငလျင်ဗဟိုချက်အနီး မြေအောက်သို့ မြေကျွံဝင်မှု ၁၀ ပေအထိ ဖြစ်ခဲ့ရကြောင်း သိပ္ပံပညာရှင်များကပြောကြားသည်။

အင်တာနက်။

ဝေါမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဇွန် ၃၀

ဝေါမြို့နယ်မှ ရန်ကုန်မြို့သို့ရောက်ရှိနေကြသူများ၏ သားသမီးများမှ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ပါ၍ ရွှေတောင်တိုက်သစ်ဆရာတော် (ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့ စမ်းချောင်း) ဦးစံရင် ဥက္ကဋ္ဌ ဖုန်း-၅၇၉၂၇၈၊ ဒုတိယဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း) ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၄၅၅၅၈၊ ဦးတင်ကြည် ဘဏ္ဍာရေးမှူး ဖုန်း-၅၄၃၆၆၃၊ ၅၄၀၆၇၃၊ ဦးသန်းမြင့် ဒုဥက္ကဋ္ဌ ဖုန်း-၇၂၈၁၆၆၊ ဦးကျော်မင်း (ပဲခူး) အထွေထွေအတွင်းရေးမှူး ဖုန်း-၀၉-၅၄၀၆၈၀၆ တို့သို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၁၀ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မေလများအတွင်း ဧရာဝတီတိုင်းဒေသ တိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဗိုလ်ကြီး အဆင့်ရှိ ကျညီး၊ ဗိုလ်အဆင့်ရှိလောဝူးနှင့် ဒုအရာခံဗိုလ်အဆင့်ရှိ ကျအူတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ပွိုင့်-၃၈ ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၈၁ တောင့်၊ မိုင်းနှစ်လုံး၊ ဖြုန့်စ်နှစ်ချောင်းတို့ဖြင့် လည်းကောင်း၊ တပ်သား ယားပါ(ခ) ကျမူးသည်လည်းကောင်း။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်စုမှူးအဆင့်ရှိ ဒိုးဒိုသည် ပွိုင့်-၃၂ ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်ငါးတောင့်၊ ကျည်အိမ် တစ်ခုဖြင့်လည်းကောင်း၊ အက်စ်အက်စ်အေ (ရှက်ဆစ်)တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား ခွန်တလွန်း (ခ)သူရိန်သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၂၆ တောင့်ဖြင့် လည်းကောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုဗိုလ်အဆင့်ရှိ ကိုကျော်(ခ)သိန်းနိုင်သည် လည်းကောင်း၊ မွန်ခွဲထွက်အဖွဲ့မှ တပ်ကြပ်ကြီး ဝင်းအေးသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၉၇ တောင့်၊ ကျည်အိမ်နှစ်ခုဖြင့် လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ပါလီမန်ဒီမိုကရေစီပါတီ (ပီဒီပီ) တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုတပ်ရင်းမှူးအဆင့်ရှိ ထွန်းထွန်းဇော်(ခ) ဇော်ကြီးသည် ပွိုင့်-၃၆ ရိုင်ဖယ်တစ်လက်၊ ပွိုင့်-၂၂ ရိုင်ဖယ် တစ်လက်၊ ကျည်မျိုးစုံ ၁၀၆ တောင့်ဖြင့်လည်းကောင်း၊ အေဘီအက်စ်ဒီအက်ဖ်တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားစိုးဝေ(ခ)အောင်ကျော်ငွေသည် ၉-မမပစ္စတို တစ်လက်၊ ကျည် ခုနစ်တောင့်၊ ကျည်အိမ်တစ်ခုဖြင့်လည်းကောင်း။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အေအယ်လ်ပီတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားကျော်သန်း(ခ) ဦးသာထွီးအောင်သည် လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား စောဖိုးသာထူးသည်လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၁၂ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကွန်ပျူတာ(အခြေခံ) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၃၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေမန်နေဂျာများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကွန်ပျူတာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူသုံးဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ကြသည်။

မြင့်မားတိုးတက်

အဆိုပါကွန်ပျူတာအခြေခံသင်တန်းကို ဝန်ထမ်းများအတွက် e-Government အတတ်ပညာရပ်များနှင့် ကွန်ပျူတာအတတ်ပညာများ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ လုပ်ငန်းခွင်မပျက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နေပြည်တော် ဝန်ကြီးဌာနရုံး၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ သင်တန်းသား၊ သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြကာ ရက်သတ္တရှစ်ပတ်ကြာ သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၏ ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာနသို့ သွားရောက်၍ ဇလဗေဒဌာနခွဲ၏ မြစ်ရေ ခန့်မှန်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု၊ စတူဒီယိုရိုက်ကူးရေးခန်းမ၌ သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ရုပ်မြင်သံကြားမှ လူထုအသိပညာပေး အစီအစဉ်အဖြစ် ထုတ်လွှင့်ပေးရန် ဆောင်ရွက်နေမှုနှင့် နေ့စဉ် မိုးလေဝသသတင်း ရိုက်ကူးနေမှု အခြေအနေများ၊ မိုးလေဝသဌာနခွဲ၌ နေ့စဉ် မိုးလေဝသ ခန့်မှန်းချက် ထုတ်ပြန်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြေငလျင်ဌာနခွဲ၌ မြေငလျင် လှုပ်ရှားမှု တိုင်းထွာရေးနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ) ဦးတင်ငွေနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တိုးမြှင့်ဆောင်ရွက်

ထို့နောက် ဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဘက်စုံသဘာဝဘေးများအတွက် ကြိုတင်သတိပေးရာတွင် တိကျမှန်ကန်၍ သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးကို ဂရုတစိုက် ဆောင်ရွက်ကြရန်နှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထု ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MFF နှင့် ဇေယျာရွှေမြေဘောလုံးကြယ်ပွင့်တို့ ပွဲနားချိန် ပရဟိတလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၃၀

တောင်ဥက္ကလာပမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဦးဆောင်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ သရုပ်ပြဟောပြောပွဲကို ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ဇေယျာရွှေမြေအက်ဖ်စီမှ ဘောလုံးကြယ်ပွင့်များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ပူးပေါင်းကူညီကြသည်။

အဆိုပါအခမ်းအနားတွင် ဇေယျာရွှေမြေအက်ဖ်စီ မီဒီယာတာဝန်ခံ စာရေးဆရာ ကိုနေ(မန်း)နှင့် မြန်မာ့လက်ရွေးစင်ဟောင်း ဦးစိုးမြင့်လွင်တို့က ကျောင်းသားလူငယ်များ အားကစားလိုက်စားရေးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အကြောင်း ဟောပြောပြီး ဘောလုံးကြယ်ပွင့်တို့က ဘောလုံးသရုပ်ပြ ကစားခြင်း၊ ဇေယျာရွှေမြေအသင်း အင်္ကျီများနှင့် ဘောလုံးများ လှူဒါန်းခြင်းတို့ ပြုလုပ်ကြောင်း သိရသည်။ MFF က Adidas ဘောလုံး ၁၀ လုံး ပူးပေါင်း ပါဝင်လှူဒါန်းကြောင်း သိရသည်။**(အပေါ်ပုံ)** (၁၀၇)

အားကစားမြှင့်တင် စိတ်လန်းရွှင်

ဆင်ဆာမဲ့မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေဗွီစီဒီ၊ ဒီဗွီဒီခိုးကူးခွေများနှင့် စပ်လျဉ်း၍ အထက်မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများအား အသိပေးရှင်းလင်းဆွေးနွေး

နေပြည်တော် ဇွန် ၃၀

မြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီသည် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေ ဗွီစီဒီ၊ ဒီဗွီဒီခိုးကူးချပ်၊ ပွားချပ်များ အသုံးမပြုရေးအတွက် အသိပေးရှင်းလင်းမှုများကို ဆောင်ရွက်လျက်ရှိရာ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေ ဗွီစီဒီ၊ ဒီဗွီဒီခိုးကူးခွေများ ကိစ္စနှင့် စပ်လျဉ်း၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထိရောက်သောပြစ်ဒဏ်များ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲသို့ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအဖွဲ့ဝင် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဝေ၊ မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်း၊ ဒုတိယရဲမှူး မင်းဟန်၊ မန္တလေးတိုင်း ဗီဒီယိုအခြေခံ အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမိုးကျော်ထွန်းနှင့် အမှုဆောင်များ၊ မန္တလေးခရိုင် မြို့နယ် ခုနစ်မြို့နယ်ရှိ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ၊ ဗီဒီယိုလုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဗီဒီယို လုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် ဗီဒီယိုအခြေခံအဖွဲ့ခွဲမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က အမှာစကား ပြောကြားပြီး မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် မန္တလေးတိုင်း ဗီဒီယို အခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမိုးကျော်ထွန်းတို့က ခိုးချပ်၊ ပွားချပ်များ သုံးစွဲမှုမရှိစေရန်၊ မူရင်းအချပ်များကိုသာ ဝယ်ယူသုံးစွဲရန်နှင့် လိုအပ်သော ဗီဒီယိုဥပဒေ၊ စည်းမျဉ်းစည်းကမ်းဥပဒေ၊ ထိရောက်သော ပြစ်ဒဏ်များကို အသိပေးရှင်းလင်း ဆွေးနွေးကြကာ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က တက်ရောက်လာကြသော လုပ်ငန်းရှင်များ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအဖွဲ့ဝင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင် ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေဗွီစီဒီ၊ ဒီဗွီဒီခိုးကူးခွေများကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်။

(သတင်းစဉ်)

အလားတူ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်း၌ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေဗွီစီဒီ၊ ဒီဗွီဒီခိုးကူးခွေများ အသုံးမပြုရေးအတွက် အသိပေးရှင်းလင်းမှုများကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး၊ စစ်ကိုင်းတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူးနှင့် စစ်ကိုင်းတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အသိပေးရှင်းလင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒေးဗစ်ဗီလာ၏ဂိုးဖြင့် စပိန်အသင်းနိုင်ပွဲရ ကွာတားဖိုင်နယ်တွင် ပါရာဂွေးနှင့်တွေ့မည်

ဂျိုဟန်နက်စဘတ် ဇွန် ၃၀

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့် နောက်ဆုံးပွဲစဉ်အဖြစ် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက စပိန်အသင်းနဲ့ ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက တိုက်စစ်မှူး ဒေးဗစ်ဗီလာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။

စပိန်အသင်းမှာ ကာဆီးလက်စ်၊ ကပ်ဒီဗီလာ၊ ပီကေး၊ ပူယိုး၊ ရာမို့စ်၊ အလွန်ဆို(မာချီနာ)၊ ဘက်စ်ကွက်စ်၊ ဇာဗီ၊ အင်နီယေစတာ၊ ဖာနန်ဒိုတောရက်စ်(လော်ရန်တီ)နဲ့ ဒေးဗစ်ဗီလာ (ပက်ဒရို)တို့ ပါဝင်ကစားခဲ့ပြီး ပေါ်တူဂီအသင်းမှာ အဂ္ဂာဒို၊ အဲလ်ဗက်စ်၊ ကာဗယ်ဟို၊ ဖေဘီယို၊ ရီကာဒိုကော့စ်တာ၊ ပီပီ(မင်ဒက်စ်)၊ မီရီလက်စ်၊ တီယာဂို၊ ဆီမာအို(လိုင်ဒီဆင်)၊ အယ်လ်မေးဒါး (ဒန်နီ)နဲ့စီရော်နယ်လ်ဒိုတို့ ပါဝင်ခဲ့ပါတယ်။

ကစားသမားအင်အား စုဖွဲ့မှုနဲ့ ပညာ၊ သမ္မာမှာ ပေါ်တူဂီထက် စပိန်က သာလွန်မှုရှိတာကြောင့် မိနစ် ၉၀ လုံးလုံး စပိန်တို့ဘောလုံးပိုင်ဆိုင်မှု အသာစီး ရယူကစားနိုင်ခဲ့ပါတယ်။ ဒီပွဲမှာ စပိန်ရဲ့ ဘောလုံးပိုင်ဆိုင်မှုက ၆၁ ရာခိုင်နှုန်း အထိရှိခဲ့ပါတယ်။ ပထမပိုင်းမှာ စပိန်တို့ ကစားကွက်အသာစီးနဲ့ထိုးဖောက်တိုက်စစ်ဆင်ခဲ့ပေမယ့် ဒေးဗစ်ဗီလာ၊ ဖာနန်ဒိုတောရက်စ်၊ဇာဗီနဲ့ အင်နီယေစတာတို့ ထင်တိုင်း မပေါက်ဘဲ ပေါ်တူဂီနောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။

၂၈မိနစ်မှာ ပေါ်တူဂီ ပြစ်ဒဏ်ဘောကန်ခွင့်ရတာကို စီရော်နယ်လ်ဒို တိုက်ရိုက်ကန်သွင်းရာ စပိန်ဂိုးသမား ကာဆီးလက်စ် ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သလို ၄၂ မိနစ်မှာ တီယာဂိုရဲ့ အပိုင်ခေါင်းတိုက်ချက် ဂိုးပေါက်လွဲချော်ခဲ့ရတာကြောင့် စပိန်အသင်း သက်သာရာရခဲ့ပါတယ်။ ဒုတိယပိုင်းမှာ စပိန်က ဖာနန်ဒိုတောရက်စ်အစား လော်ရန်တီ ဝင်လာပြီး နောက်မှာ စပိန်တိုက်စစ် ပိုမို သွက်လက်လာခဲ့တာကြောင့် ကာဗယ်ဟို၊ အဲလ်ဗက်စ်၊ ဖေဘီယိုနဲ့ရီကာ ဒိုကော့စ်တာတို့ရဲ့ ပေါ်တူဂီ နောက်တန်း ပျာယာခတ်ခဲ့ရပါတယ်။

၆၃ မိနစ်မှာ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာကန်သွင်းရာ ပေါ်တူဂီ ဂိုးသမား အဂ္ဂာဒို ခြေထောက်နဲ့ထိပြီး ပြန်ထွက်လာတာကို ဒေးဗစ်ဗီလာကပင် ထပ်မံကန်သွင်းပြီး စပိန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ရယူနိုင်ခဲ့ပါတယ်။ ပွဲချိန် မိနစ် ၉၀ မှာ ပေါ်တူဂီနောက်ခံလူ ရီကာဒိုကော့စ်တာ အနီကတ်ပြ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။ ဒီပွဲရဲ့အကောင်းဆုံး ကစားသမားဆုကို စပိန်အသင်းမှ ဒေးဗစ်ဗီလာက ရရှိသွားပါတယ်။ ၁၆ သင်းရှုံးထွက်အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့တဲ့ စပိန်ဟာ ကွာတားဖိုင်နယ်မှာ ပါရာဂွေးအသင်းနဲ့ ဆုံတွေ့ရမှာ ဖြစ်ပါတယ်။

စပိန်အသင်း၏တစ်လုံးတည်းသော အနိုင်ဂိုးကို ဒေးဗစ်ဗီလာ ဤကဲ့သို့ ကန်သွင်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဝင်းတင်(ကြေးမုံ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

819 S 6th Street, Alhambra, CA 91801, U.S.A နေ
ဦးသက်ဝင်း-ဒေါ်ကြူကြူစောတို့၏သားကြီး၊
Dr.ဖြိုးသက်ဝင်း၊ Dr.ဇာခြည်ငြိမ်းအေးချမ်း တို့၏အစ်ကို
Dr.ဟန်မင်းထွန်း (ခ) Dr.Winston Han Wu
Ph.D (Electrical Engineering) University of California, Los Angeles
Director of Engineering, Pharmaco-Kiness Corporation, Inglewood, CA., U.S.A
နှင့်
ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊သုဓမ္မာလမ်း၊ ခြံအမှတ်(၁၉)နေ
ဦးအေးလွင် (Managing Director of Minnwun Industries Co.,Ltd)-
ဒေါ်သန်းသန်းဝင်း
တို့၏ ဒုတိယသမီး၊ မခိုင်ခိုင်လင်း၏ညီမ၊ မောင်စိုးစံ၏အစ်မ
Dr.ရွှေရည်အောင် M.B.,B.S (Ygn)
Post Graduate Diploma in Health Administration, Curtin University of Technology-Australia.
တို့သည် ၂၆-၆-၂၀၁၀ ရက်တွင် Traders Hotel (Myanmar Ballroom)၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
Dr.ဟန်မင်းထွန်း+Dr.ရွှေရည်အောင်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ရန်ကုန်မြို့နေ
(ဦးဝင်းငွေး)-ဒေါ်မိမိအောင် (MBC Co.,Ltd)တို့၏သားကြီး
မောင်ဇော်ရဲလင်း
B.A (Eng), Diploma (C.A) Yangon, University of Culture
Specialist Diploma in Interior and Landscape Design
(BCA Academy, Singapore) Interior Designer (Singapore)
နှင့်
ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့နေ
ဦးအေးကျော်-ဒေါ်စန်းစန်းနွယ်တို့၏သမီး
မအေးမိစံ
B.A (Eco), Diploma in Accounting (LCCI, UK)
ACCA(Part II) (Kaplan, Singapore), Accountant (Singapore)
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် စင်ကာပူနိုင်ငံ (Admiralty Drive)၌ ၂၀-၆-၂၀၁၀ ရက်တွင် လက်ထပ်မင်္ဂလာညစာ်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ရဲလင်း-မအေးမိစံ

Golf Masters Magazine Readers Tournament 2010
ဂေါက်သီးရိုက်ပြိုင်ပွဲ ရေတံခွန်တောင်ဂေါက်ကလပ်၌ ကျင်းပမည်

ရန်ကုန်   ဇွန်   ၃၀

HAN Golf Masters Pte., Ltd.က စီစဉ်ထုတ်ဝေသည့် Golf Masters Magazine စာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Golf Masters Magazine Readers Tournament ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်တွင် မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ Golf Masters Magazine ကို လပေး၊ နှစ်စဉ်ကြေး ပေးသွင်းဝယ်ယူဖတ်ရှုသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇူလိုင် ၉ ရက်နောက်ဆုံးထား၍ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဇူလိုင်လထုတ် Golf Masters Magazine တွင် ပါရှိသော ပြိုင်ပွဲဝင်ခွင့်ပုံစံ၌ ရေးသွင်း၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ကျောက်ရေတွင်းလမ်း ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁ နှင့် Asia Center, HAN Golf Masters Pro Shop မန္တလေးမြို့ ဖုန်း-၀၂-၆၄၅၈၃၊ ၀၂-၉၁၀၀၀၁၂၅၊ ၀၉-၂၀၁၇၆၃၉ နှင့် ၀၉-၆၈၀၄၀၁၅ တို့သို့ စာရင်းပေးသွင်းနိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MMA၏ မိသားစုလက်စွဲအဘိဓာန် ထုတ်ဝေ

ရန်ကုန်   ဇွန်   ၃၀

အခြေခံဝေါဟာရစကားလုံး ၈၅၀ ကို မဏ္ဍိုင်ပြုလျက် အင်္ဂလိပ်စာ အရေးနှင့်အပြော အတုယူနိုင်ရန်နှင့် အလယ်တန်းအဆင့်မှအထက် မိသားစုဝင်တိုင်း အင်္ဂလိပ်စာအဆင့်တိုးမြှင့်ရန်အပြင် အင်္ဂလိပ်မှ မြန်မာသို့ ဘာသာပြန်အလုပ်ကို စိတ်ဝင်စားသူများ နမူနာယူလေ့လာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် စုစည်းပြုစုထားသည့် မောင်မောင်အေး(The New Light of Myanmar)၏ မိသားစုလက်စွဲအဘိဓာန် ထုတ်ဝေကြောင်းသိရသည်။ **(ယာပုံ)**

ဦးသန်းဆွေ၊ ယူနတီစာပေ၊ ဖုန်း-၀၉-၅၁၃၀၉၇၇ က ဖြန့်ချိပြီး လက်လီရောင်းဈေးမှာ တစ်အုပ် ငွေကျပ် ၆၀၀၀ ဖြစ်သည်။ (သတင်းစဉ်)



စီအီးအိုမဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် The World Is Flat, But....ဟောပြောပွဲ ကျင်းပ

ရန်ကုန်   ဇွန်   ၃၀

တူဒေးစာအုပ်တိုက်မှ ထုတ်ဝေသော စီအီးအိုမဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် The World Is Flat, But....ဟောပြောပွဲကို ဇွန် ၂၆ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal Hotel ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဆရာကျော်ဝင်း(စာရေးဆရာ)က ဟောပြောခဲ့ပြီး စီအီးအိုမဂ္ဂဇင်း၏ စာဖတ်ပရိသတ်နှင့် ကုမ္ပဏီအသီးသီးမှ မန်နေဂျာအဆင့်ဝန်ထမ်းများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။ ဤပွဲအတွက် Citymart (Popular) က ပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)မှ ကြီးမှူး၍ ဝါဆိုလဆန်း ၈ ရက်တွင် စတုဒိသာဆက်ကပ်ကျွေးမွေးရန် သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)-ဒေါ်နန်းခမ်းဆာ(ဖြူစင်မေတ္တာဆေးတိုက်) က အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်ပွဲကို ဇွန် ၂၅ ရက်က ပုဇွန်တောင်မြို့နယ် လမ်း (၅၀) ဖြူစင်မေတ္တာဆေးခန်း၌ ကျင်းပရာ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း(သတင်းထောက် စဥ့်ကူစိုးဝင်း)နှင့် ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)တို့ လက်ခံရယူစဉ်။ (၆၁)

တောင်ကြီးမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ရန်ကုန်   ဇွန်   ၃၀

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(F.A.O)တို့ ပူးပေါင်းဆောင်ရွက်သော ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါက်တာနေလင်းက ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

နေပြည်တော်   ဇွန်   ၃၀

အားကစားဝန်ကြီးဌာန အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပထမနေ့ ပွဲစဉ်အဖြစ် ပွဲစဉ်(၁) မြန်မာနှင့် လာအို၊ ပွဲစဉ်(၂) မလေးရှားနှင့် ဖိလစ်ပိုင်၊ ပွဲစဉ်(၃) ထိုင်းနှင့် စင်ကာပူတို့သည် လည်းကောင်း၊ ဇူလိုင် ၆ ရက် ဒုတိယနေ့ ပွဲစဉ်အဖြစ် ပွဲစဉ်(၁) ဖိလစ်ပိုင်နှင့် မြန်မာ၊ ပွဲစဉ်(၂) စင်ကာပူနှင့် မလေးရှား၊ ပွဲစဉ်(၃)လာအိုနှင့်ထိုင်းတို့သည် လည်းကောင်း၊ ဇူလိုင် ၇ ရက် တတိယနေ့ ပွဲစဉ်အဖြစ် ပွဲစဉ် (၁) စင်ကာပူနှင့် ဖိလစ်ပိုင်၊ ပွဲစဉ် (၂) မြန်မာနှင့်ထိုင်း၊ ပွဲစဉ် (၃) မလေးရှားနှင့် လာအိုတို့သည် လည်းကောင်း၊ ဇူလိုင် ၈ ရက် စတုတ္ထနေ့ ပွဲစဉ်အဖြစ် ပွဲစဉ် (၁) မြန်မာနှင့် စင်ကာပူ၊ ပွဲစဉ်(၂) ထိုင်းနှင့် မလေးရှား၊ ပွဲစဉ်(၃) ဖိလစ်ပိုင်နှင့် လာအိုတို့သည် လည်းကောင်း၊ ဇူလိုင် ၉ ရက် ပဉ္စမနေ့ ပွဲစဉ်အဖြစ် ပွဲစဉ် (၁) စင်ကာပူနှင့် လာအို၊ ပွဲစဉ်(၂) မလေးရှားနှင့် မြန်မာ၊ ပွဲစဉ် (၃) ဖိလစ်ပိုင်နှင့် ထိုင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ်တို့ မန်ဆူရေစက်ရုံ ရေတွန်းစက်မှ ရေတွန်းတင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော်   ဇွန်   ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ သံတောင်ကြီးမြို့တွင် ၃ ဒသမ ၆၃ လက်မ၊ ပြည်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ဒသမ ၀၃ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၀၁လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ပူတာအိုမြို့နှင့် ရွှေကျင်မြို့တို့တွင် ၁ဒသမ ၆၅ လက်မစီနှင့် ပဲခူးမြို့တွင် ၁ ဒသမ ၆၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အသင့်အတင့်ရှိနေသည်။

ဇူလိုင် ၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၁ ဒသမ ၉ ဒီဂရီစင်တီဂရိတ်)	၈၉ ဒီဂရီဖာရင်ဟိုက်	၂၉-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ ဒသ ၅ ဒီဂရီစင်တီဂရိတ်)	၇၈ ဒီဂရီဖာရင်ဟိုက်	၃၀-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၇၁ ရာခိုင်နှုန်း	၃၀-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	၁၁ နာရီ	၂၉-၆-၂၀၁၀

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အင်တာနက်မြေငလျင်သိပ္ပံသတင်း

အင်အားပြင်းထန်သော မြေငလျင်အကျိုးဆက် အမေရိကန် မြို့တစ်မြို့ မြေအောက်သို့ကျွံဝင်

ပါဆာဒီးနား (ကာလီဖိုးနီးယား) ဇွန် ၃၀

ဒေသတွင်း၌ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ခဲ့မှု၏ အကျိုးဆက်အဖြစ် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ကယ်လီဇီကိုမြို့သည် မြေအောက်ကို ၃၁ လက်မအထိ ကျွံဝင်သွားခဲ့သည်ဟု အာကာသအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိရကြောင်း သတင်းကြေညာချက် **စာမျက်နှာ ၉ ကော်လံ ၁ သို့❖**

ဘာသာပြန်-ရောမောင်

ဧပြီ ၄ ရက်က မက္ကဆီကိုနိုင်ငံ ဘာဂျာကာလီဖိုးနီးယားပြည်နယ်တွင် မြေငလျင်ကြောင့် လမ်းများပျက်စီးနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမရပူရမြို့နယ် နှမ်းစပါး ရက် ၉၀ မျိုး စံကွက်ရိတ်သိမ်း

မြစ်ငယ် ဇွန် ၃၀

မန္တလေးတိုင်း အမရပူရမြို့နယ်တွင် နှမ်းစပါးများ စိုက်ပျိုးထားရှိမှုအပေါ်၌ အထွက်နှုန်းစံကွက်များ မှတ်တမ်းတင်ရိတ်သိမ်းလျက်ရှိရာ ဇွန် ၁၀ ရက်နံနက်က ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် ကျေးရွာအုပ်စုစိုက်/ကြပ်အဖွဲ့ဝင်များ ပူးပေါင်း၍ တမုတ်ဆိုးကျေးရွာအုပ်စု ကွင်းအမှတ်(၅၇၀/ခ) ဦးပိုင်အမှတ်(၄၁)ရှိ တောင်သူဦးစောအောင်၏ လယ်ကွက်၌ စိုက်ပျိုးထားသော နှမ်းစပါး ရက် ၉၀ မျိုး စမ်းသပ်ကွက်အား စံကွက်ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှ အစို ၇၄ ဒသမ ၄၅ တင်းထွက်ရှိကြောင်း သိရှိရသည်။

(၄၃၃)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃၀-၆-၂၀၁၀)

ခန္တီး	-	၄ ဒသမ ၁၃ လက်မ
သံတောင်ကြီး	-	၃ ဒသမ ၆၃ လက်မ
ပြည်	-	၃ ဒသမ ၁၉ လက်မ
သိမ်ဇရပ်	-	၃ ဒသမ ၀၃ လက်မ
ပေါင်	-	၂ ဒသမ ၃၆ လက်မ
ချောင်းဆုံ	-	၂ ဒသမ ၀၁ လက်မ
ကျောက်ဖြူ	-	၁ ဒသမ ၇၇ လက်မ
ပူတာအို	-	၁ ဒသမ ၆၅ လက်မ
ပဲခူး	-	၁ ဒသမ ၆၂ လက်မ

မြန်မာနိုင်ငံအနေနဲ့လည်း လူကုန်ကူးမှုဟာ မြန်မာလူမျိုးများ တန်ဖိုးထားစောင့်ရှောက်အပ်တဲ့ အမျိုးအနွယ်စောင့်ထိန်းမှုကို ပျက်ပြားစေပြီး အမျိုးသားရေးဂုဏ်သိက္ခာ ထိပါးကျဆင်းစေတယ်လို့ ခံယူကြတဲ့အတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်ပြီး ဆောင်ရွက်နေတာဖြစ်။ နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ အပြည်ပြည်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း တာဝန်သိသော နိုင်ငံတစ်ခုအဖြစ် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များမှာ နီးကြားတက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိ။

မျိုးလေး၏ "လူကုန်ကူးမှုတိုက်ဖျက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး"ဆောင်းပါး စာမျက်နှာ - ၆